# အပြာရောင်သစ်ခွပွင့်ရဲ့သမိုင်းအစ



ငြိမ်းကျော်

အေးချမ်းမှုသည် လောကမြေပြင်မှ ပျောက်ကွယ်သွားချေပြီဟု ကားမထင်ဝံ့။ ကိုယ်တဦး တယောက်တည်းထံမှ စွန့်ခွာသွားတတ်ခြင်းဟုသာ ထင်မှတ်ကြေကွဲရသည် ။ ဖြစ်ပျက်ခဲ့သမျှ အရာရာကို အကယ်စင်စစ်ဟု မတွေးမိ။ အိပ်မက်ဟူ၍ အောက်မေ့သည် ။ အိပ်မက်တော့ အိပ်မက်။ ကံဆိုးမ၏ အိပ်မက်မလှမပ။ အပြင်၌ ဧကန်ဧကေ ကြုံတွေ့နေရသည့် အိပ်မက်သဖွယ် အကြောင်း။ ထိုအသိနှင့်အတူ ချမ်းမြေ့ခြင်း အလုံးစုံက ရင်မှ ကွယ်ပျောက်ခဲ့ချေ၏။ အေးမြသော၊ ကြည်လင်သော၊ သန့်စင်သော နှလုံးသည်းပွတ်တွင် နာကျင် ထိခိုက်စပြုလာ၏။ ပူပြင်းလှုပ်ရှားလွန်းသည့် အာရုံတွေ တစတစနှင့် ငြိမ်သက်လာသောအခါ ထိုင်းမှိုင်းစပြုလာ၏။ အမောဖြင့် ခုန်သည့်ရင်ကို သက်သာရာ မရစေခဲ့။ မုန်တိုင်းကျခဲ့ပြီးသည့်နောက် သစ်ရွက်၊ သစ်ခက်၊ သစ်ကိုင်း၊ ပင်စည်တွေ ပြန့်ပြန့်ကျဲသကဲ့သို့ ပါတကားဟု စဉ်းစားမိသည် ။ မျှော်လင့်ချက်တွ၊ တမ်းတချက်တွေ၊ အားတင်းချက်တွေ အပိုင်းပိုင်းအစစ။ အမွှာမွှာ ကြေ၍ ။

## အခန်း [ ၃၆ ]

နားက ခေါင်းအုံးကို ဖိကပ်ထားသကဲ့သို့ ဖြစ်နေသည် ။ တဖက်သောနားနှင့် ကြားရ၍ အားမရ။ စကားလုံးတွေ မကွဲပြား အမေ့အသံက စူးစူးသေးသေး။ ထို့ပြင် အမေက အသံကို တိုးတိုး အုပ်အုပ်မပြုတတ်။ အဖေ့အသံသည် မူ အသံအောင်အောင် အမျိုးအစား။ သို့သော် လေသံမျှလော

က်နှင့် ပြောတတ်သည့် တခွန်းနှင့် တခွန်းကြား ဆိုင်းဆိုင်းတွဲ့တွဲ့ ရှိချင် ရှိတတ်သည် ။ ထိုအခါ အကြားရ နားထွေးလေသည် ။ အမေတို့ ရှိရာ အခန်းနှင့် နှစ်လံသုံးလံမျှသာ အကွာရှိသော်လည်း စကားတွေ မပီသ။ ထို့ကြောင့် ခေါင်းအုံးထက်တွင် လက်မောင်းကို ကွေးတင်လိုက်သည် ။ နားနှစ်ဖက် စွင့်ထားခိုက် ဘာသံမျှမကြားရ။

အတန်ကြာမှ အဖေ့ချောင်းဟန့်သံကို တချက်ကြားသည် ။ တဆက်တည်းပင် အကြမ်းကရားမှ လက်ဖက်ရည်ကျသံ ကြားရသည် ။ ကရားကို မြှင့်ကိုင်ကာ ဖန်ခွက်ပလုံသံထအောင် ငှဲ့တတ်သူမှာ သည် အိမ်တွင် အဖေတယောက်သာ။ ကြမ်းပေါ်သို့ ကရားအိုးကို ပြင်းပြင်းချလိုက်ဟန်တူ၏။ အဖုံးနှင့် ကရားနှုတ်ခမ်းကို တီကြွမြည်သံမှာ ဆတ်လှသည် ။ ထိုစဉ် အမေ့လက်ထဲမှ ကွမ်းညှပ်၏ ခပ်ကြိတ်ကြိတ်စိတ်သံကို ရော၍ ကြားနေရသည် ။

"ငါတွက်ထားတဲ့ အတိုင်းပဲ ဆိုပါတော့ကွာ၊ ဟုတ်လား"

အဖေ့မေးခွန်းမှာ မသိသဖြင့် မေးသော အမေးမျိုးမဟုတ်။ သူတွက်ဆထားသည့်အတိုင်းပင် ဖြစ်လာကြောင်း ထပ်မံအတည်ပြုသံဖြစ်သည် ။ အမေသည် တစုံတရာ ပြန်မဖြေသေး။ အဘယ်အရာကို ချင့်နေသည် မသိနိုင်။ ပထမဦးဆုံးအခေါက်က အဖေ၊ အမေ၊ ဒေါ်အေးခင်၊ ဦးကံထွန်းတို့ သွားရောက် တွေ့ဆုံကြသည် ။ ထိုအခေါက်တွင် အဖေ သဘောပေါက်လာခဲ့သည် ဟု ပြန်ပြောပြသည် ။ သည် နေ့ နေ့လယ်က အမေနှင့် သူကိုယ်တိုင် သွားရောက်တွေ့ဆုံခဲ့သည် ။ ဝင်းဇင်၏ အမိအဖ၊ ဝင်းဇင်၏ အစ်မအကြီးဆုံးတို့ နှင့် စကားပြောခဲ့ရသည် ။ တတိယအခေါက် ဖြစ်သော်လည်း နောက်ဆုံးဟု သဘောပေါက်ပြီးသား ဖြစ်ခဲ့သည် ။ နာရီဝက် သာသာ စကားဝိုင်း၏ အစလောက်ကတည်းက အခြေအနေ

အရပ်ရပ်ကို နားလည်ခဲ့ပေပြီ။ ကျဉ်းကျပ်ဖိစီးလွန်းသော အနာဒဏ်ရာသည် ထိုအိမ်၏ ဧည့်ခန်းထဲမှ ပင် ရရှိခဲ့သည် ။ အိမ်သို့ ပြန်ရောက်သောအခါ စက်ချုပ်နေရင်း လှမ်းကြည့်လိုက်သည့် အဖေ့မျက်လုံးကို ရှောင်ခဲ့သည် ။ အမူအရာတွေ ဆွံ့လွန်းသည် ဟု ထင်မည် စိုး၍ ပင်ကိုအတိုင်းဖြစ်နေစေရန် မနည်းအားထုတ်ရချေ၏။ အဝတ်အစားလဲ၊ သတင်းစာကြည့်၊ ညစာချက်၊ ရေချိုး၊ ထမင်းစား၊ ထို့နောက် ခရီးသွားထားရသဖြင့် ပင်ပန်းဟန်ဖြင့် အိပ်ခန်းထဲ ဝင်လှဲ၊ ခေါင်းရင်းမီးလုံးကို မဖွင့်မဖြစ်။ မီးမထွန်းသော အိပ်ချိန်မဟုတ်လျက် လဲလျောင်းသောသူတွင် အတွေးတွေထွေးလုံးရစ်ပတ်နေမည်ဟု အမေတို့ ထင်လိမ့်မည်။ ထိုသို့ထင်မည် ဧကန် စင်စစ် သိသော်ငြားလည်း အထင်မခံချင်။ ထို့ကြောင့် မီးထွန်းထားရသည် ။ နီနီ့ထံမှ ငှားထားသော ဝတ္ထု စာအုပ်ကို ဖတ်နေလေဟန် ကိုင်ကာ စာရွက်လှန်သံ မြည်စေရသည် ။

"မောင်ဝင်းဇင်ဆီကို စာထည့်ထားတယ်လို့ ကောင်လေးအမေက ကျွန်မကို ပြောတယ်၊ ကောင်လေးက စက်ာပူဆိပ်ကမ်းမှာ ရောက်နေတယ်ဆိုလားပဲ"

အဖေ့စကားက ချက်ချင်းကပ်၍ ထွက်လာ၏။

"ငါတို့ သွားကြတုန်းကလဲ ကောင်လေးဆီ စာထည့်မယ်။ ခုကျတော့လဲ စာထည့်ထားတယ်၊ တလခွဲနှစ်လပဲ ရှိရော့မယ်။ ဝင်းဇင်ဆီက ကျွန်တော်နဲ့ မနှင်းဖွေးနဲ့ ဟုတ်ပါတယ်ဆိုတဲ့ စာကိုရမှ ပဲ သူတို့ သားနဲ့ ငါတို့ သမီး ရည်ငံတယ်ဆိုတာ အသိအမှတ်ပြုမယ်ဆိုတဲ့ သဘောပေါ့။ ကောင်းကွာ ကောင်း ကောင်း။ ဝင်းဇင်ကကော ဒီအိမ်လိပ်စာ မသိဘူးတဲ့ လား၊ သူတို့ အိမ်ကိုသမီးအလည် အပတ်ရောက်ဖူးတာ လေးငါးခေါက်ခေါက်မကတာ သူတို့ အမြင်ပဲ၊ ခုကျမှ ကျွန်မတို့ သားမှာ မိန်းကလေး

ယောက်ျားကလေး သူငယ်ချင်းတွေ များ လွန်းလို့ မမှတ်မိဘူး ဆိုတာက ကော မလွန်လွန်းဘူးလား မမြန္မယ်၊ မင်း မင်း စဉ်းကြည့်စမ်း။ ဒီမှာ မွေး ပြုပြီးမှ ပဲ အကြောင်းပြန်ကြပေ စေပေ့ါကွာ"

စောစောကနှယ် မပျော့ပျောင်းတော့သောလေသံ။ ထိုခဏတွင် အ ဖေရေနွေးသောက်သော အသံမှာ မာန်ပါနေသည် ဟု အောက်မေ့၏။ ဖ န်ခွက်နှင့် ကြမ်းတို့ ထိသံမှာ မညင်သာနိုင်။ အမေ စကားမပြန်။ ကွမ်းရှု က်ယူသံ။ ထုံးအစ်ဖွင့်သံ၊ စမုန်စပါး ပုလင်းဖွင့်သံတွေကို သဲ့သဲ့ကြားရ၏ ။

"သမီးအတွက် ကျွန်မ ရှက်လဲ ရှက်တယ်၊ နာလဲ နာတယ်၊ ဒီနေ့ဆို ပို လို့ ခံပြင်းတယ်။ ခုလို ဖြစ်ရတာ မအေ အသုံးမကျလို့ ဖြစ်ရတာလို့ ဝိုင်းပြီး တံတွေးထွေးကြပါစေ၊ ဘယ်လိုမျောမျော ခံရပါ တယ်၊ ကျွန်မကြောင့် ရှင်ပါရောပြီး မျက်နှာမပြရဲရတဲ့ အဖြစ်။ ရှင့်ဝမ်းထဲ ဝင်ကြည့်လိုက်ချင်တယ်။ အေးလေ . . ."

ကွမ်းငုံသံဖြင့် တလုံးချင်း ပြောလေသည် ။ စကားစက ပြတ်သွား၏။ စိတ်နှလုံး အရှုပ်ထွေး ဆုံးဆင့်တွင် နှုတ်အသွားပုံမျိုး အမေ့တွင် လည်း ဖြစ်တတ်လေပြီ ထင်၏။ ထိုအချိန်တွင် အဖေ့မျက်နှာသည် မည်သို့ ရှိမ ည်မသိ။ စိတ်အနှောင့်အယှက် တွေ့ရသည့်အခါမျိုး၌ အဖေ့ နှုတ်ခမ်းအ စုံသည် တင်းတင်းစေ့စေ့ နေတတ်သည် ။ ထိုအနေဖြင့် ဖေဖေ နေ နေ ဟန်တူ၏။ ခဏအကြာမှ "ဟင်" ဟူသော လေးတွဲစွာ ငြင်းဆိုသံကို ကြားရ၏။

"မဆိုင်ပါဘူး မမြန္မယ်၊ အိမ်တအိမ်အိမ်မှာ သားသမီးပြဿနာ ပေါ်ပြီဆိုရင် ဖအေနဲ့ မအေ စကားများကြပြီ။ မင်းကြောင့်၊ ရှင့်ကြောင့် အပြစ်ကို ခါချပြီး သူများ ခေါင်းပေါ် တင်တာတွေ ဘာတွေ ဖြစ်ကုန်ရော

။ ငါ့သဘောကတော့ အဲ့သလို အပြစ်တင်နေတာထက် အတူတူ ဖြေရှင်းချင်တာပဲ။ တကယ်လို့ သမီး အခုလိုဖြစ်ရတဲ့ ကိစ္စဟာ ရှက်စရာကိစ္စလို့ ယူဆရင် မင်းရော ငါ့မှာ ပါ အပြစ်မကင်းဘူး။ ဒါပေမဲ့ ခုဟာက ရှက်စရာလို့ ငါတော့ မယူဆဘူး။ မျက်နှာမပြရဲစရာအဖြစ်လို့ လဲ မထင်တော့ဘူး။ သမီးက မကောင်းတဲ့ အလုပ်နဲ့ အသက်မွေးတာလဲ မဟုတ်ဘူး ။ ပြီးတော့ ခုရတဲ့ ကိုယ်ဝန်ကလဲ သူတကာနဲ့ အလေလွင့်ပြီး ရတဲ့ ဟာ မဟုတ်ဘူး ၊ မောင်ဝင်းဇင် ခေါင်းရှောင်လို့ ဥစ္စာပဲ"

ဝင်းဇင်ဟူသောအမည်ကို တဖန်ကြားရတိုင်း စူးနစ်လှိုက်လှဲစွာ ခံစားရသည် ။ သူ့အမည်သည် သူ့သဏ္ဌာန်ကို အာရုံတွင် အလုံးစုံ ထင်လာစေသည် ချည်း။ သုံးလပင် ကြာမြင့်ခဲ့သည် အထိ သူနှင့် ဝေးနေရပြီး ဖြစ်သော်လည်း ဝေးချေပြီဟု မထင်မိ။ လမ်းစပျောက် ပျောက်ကွယ်သွားပြီဟု ကြေကွဲစွာ သိမှတ်ထားခြင်းက တခါတရံ ဖျော့လျက်ရှိ၏။ ယုံကြည်စိတ်က အမှန်တကယ် ကြုံတွေ့နေရသည့် အခြေအနေတွေကို ဖြိုချနေ၏။ သို့သော် မပြိုတစပြိုတစ။ တမ်းတခြင်းသည် ကြွင်းကျန်ခြင်းကြီးစွာဖြင့် ရင်၌ အဆောက်အဦ တည်၍ လာ၏။

"နောက်တခေါက် သွားပြောဘို့တော့ မလိုဘူးထင်တယ်"

မသွားတော့ဟူ၍ ယတိပြတ် ဆုံးဖြတ်ပြီး ပြောသံမဟုတ်။ အဖေ့သဘောကို တီးခေါက် ကြည့်လေဟန်နှင့် အမေ ပြောပုံရ၏။ အမေ့စကားဆုံးဆုံးချင်း -

"မလိုတော့ဘူး မမြန္မယ်၊ ပထမဆုံး မင်းတို့ သွားတယ်၊ ဒုတိယအခေါက် ငါပါပါတယ်၊ ခုတခေါက် မင်းတို့ သားအမိ သွားတယ်၊ ဝင်းဇင်မိဘက ဝေ့လယ်လယ် လုပ်ပစ်တယ်၊ မိန်းကလေးဘက်က သုံးကြိမ်သုံးခါ ပြောတာကိုတောင် တယ်ပြီး ဂရုမစိုက်တာ၊ နောက်တခါ

သွားပြောရင် နောက်တခါ ခံပြင်းရရုံအပြင် ဘာမှ မထူးပါဘူးကွာ"

အဖေ့လေသံမှာ ဆတ်လှ၏။ အမေ့စကားကို ဆက်ပြီး မကြားရ။ အ တွေးတွေများ စွာထဲတွင် မျောနေဟန် တူသည် ။ ခဏအကြာတွင် ထွေး ခံယူသံ၊ ကွမ်းတံတွေးထွေးသံ ကြားရသည် ။ အကြမ်းကရားအဖုံး ဖွင့်သံ ကြားရ၏။ လက်ဖက်ရည်ကြမ်း ကုန်ဟန်တူသည် ။ "လက်ဖက်ခြောက် ဘူး ကမ်းလိုက်စမ်းပါကွာ"ဟူသော အဖေ့အသံကို ကြားရ၏။ ဝါးထရံနှ င့် ဗီရိုထောင့်ရှိ သံဘူးကို လှမ်းယူသံ၊ ကွမ်းညှပ်ဟသံ၊ ကွမ်းညှပ်အနှော င့်ဖြင့် အဖုံးဖွင့်သံတွေကြားရ၏။ အဖုံးပြန်ပိတ်သံနှင့် မရှေးမနှောင်းတွင် ဓာတ်ဘူးအဖုံးဖွင့်သံ၊ ဖော့ဆို့ဖွင့်သံ၊ ရေနွေးငှဲ့သံတွေက နားထဲသို့ ဝင် လာ၏။ လက်ဖက် ခြောက်ဘူးနှင့် ဓာတ်ဘူးတို့ ကို နေရာတကျ ပြန် ထားသံနှင့် အဖေ့ချောင်းဟန့်သံကို တဆက်တည်း ကြားရ၏။ အဖေ တ ခုခု ပြောတော့မည်ဟု ထင်၏။ ဖန်ခွက်ထဲသို့ အကြမ်းငှဲ့လိုက်၊ ကရားထဲ သို့ ပြန်ထည့်လိုက်နှင့် အကျမြန်အောင် ပြုလုပ်နေသည် ။

"ဒါဖြင့် ကျွန်မတို့ ဘယ်လိုစီစဉ်မလဲ ကိုစိန်လှိုင်"

"ဘာကိုပြောတာလဲ"

အမေ ချက်ချင်းမဖြေ။ နှုတ်လေးနေသည် ဟု မှန်းရ၏။ အဖေက နားလည်ဟန်တူ၏။ အမေပြောမည့်စကားကို လမ်းကြောင်းပေးသည် ။

"ကိုယ်ဝန်ကိစ္စလား"

နှုတ်ဖြင့်မဖြေ။ ခေါင်းညိတ်ဖြေသည် ဟု တွက်၍ ရ၏။ ခေါင်းညိတ် ၍ သာ ဖြေရသူ အမေ၏ ရင်ထဲတွင် နာကျင်နေပေလိမ့်မည်။ အားတုံ့ အားနာ ဖြစ်နေပေလိမ့်မည်။

"ဘာစီစဉ်စရာလိုသလဲ၊ မွေးရမှာ ပေါ့"

"ရှင် . . ."

အံ့သြထိတ်လန့်စွာ အသံပြုလေသည် ။

"အေးလေ မွေးရမယ်လေကွာ၊ မင်းသဘောက ဖျက်ချပစ်ချင်လို့လား"

အမေ့စကားပြန်သံ မကြားရ။ တွေနေလေသလား။ ငိုင်နေလေသလား။ အဖေ့ကို အံ့အား သင့်လွန်းစွာ ငေးမောကြည့်နေသလား မပြောတတ်။

"ဖအေ မပေါ်ဘဲ မွေးရတယ်ဆို . . ."

"အော် မမြန္မယ်၊ ဖအေမပေါ်တာမှ မဟုတ်တာ၊ ဒီကလေးဖအေက ဝင်းဇင်၊ ဝင်းဇင်က ဖအေ နေရာမှာ နေဘို့ တာဝန်မဲ့လို့ ဒီကလေး ဖအေမဲ့ရတာကွ၊ ဖအေမပေါ်တာ မဟုတ်ဘူး လို့ ငါ ဘယ်နှခါပြောရမလဲ မမြန္မယ်ရယ်၊ ဒါ ဘာဖြစ်လဲ၊ မွေးရမယ်"

အမေ့သက်ပြင်းရှည်ချသံ သဲ့သဲ့ကြားရ၏။

"ရှင် ကျွန်မကို ရွဲ့နေတာတော့ မဟုတ်ပါဘူးနော် ကိုစိန်လှိုင်"

စိုးရိမ်မကင်းသည့် လေယူလေသိမ်းကို သတိထားမိသည် ။ အမေ့မျက်လုံးအစုံသည် အဖေ့ မျက်နှာဆီသို့ စူးစူးစိုက်စိုက် ရောက်နေလိမ့်မည် ။ ပြဿနာစတင်ကတည်းက အမေသည် သူ့နည်းတူ ဆောက်တည်ရာမရခဲ့။ အမေ့တွင် တခုပိုသည် ။ အမိအုပ်ထိန်းခြင်း ညံ့ဖျင်းသောကြောင့် ထိုအဖြစ်မျိုးနှင့် ကြုံရသည် ဟု အဖေ ဧကန်တွက်ချေမည်။ ဖွင့်မပြောခြင်းသာရှိမည်။ ဖခင်တယောက်၏ အရှက်မှာ မိခင်လုပ်သူ၌ တာဝန်အရှိဆုံးဟု အမေက ညည်းရင်း ပြောသည် ။ မြွေပူရာ ကင်းမမှောင့်လိုတော့သဖြင့် အပြစ်မတင်ခြင်းဟု အမေ နားလည်လျက်ရှိ၏။ အပြစ်တင်စ

ကား ပြောလိုလျှင်လည်း ပြော၊ အပြစ်ပေးလိုကလည်း ကြိုက်သလို အပြစ်ပေး၊ ကျေနပ်စွာ ခံယူဝံ့ပါသည် ဟု အမေပြောခဲ့ဖူးသည် ။ သို့သော် အဖေ အပြစ်တခွန်းမဟ။ သည် နေ့တွင် ပြဿနာ အထွတ်အထိပ် ရောက်ခဲ့ပေပြီ။ မိသားစုတခုလုံး မည်သို့မည်ပုံ ရပ်တည်ရမည်ဟူသော အဖြေကိုလည်း အထင် အရှား တွေ့လိုက်ချေပြီ။ အဖေ့ သဘောထားကိုလည်း သိလိုက်ကြသည် ။ ဤတွင် အဖေ့ အနေအထားကို အမေ့မှာ မယုံနိုင်အောင် ဖြစ်လာဟန်တူ၏။ အမေ တယောက်ထဲမဟုတ်။ သူလည်း အမေ့နည်းတူ။

"မင်းနှယ်ကွာ၊ တွေးမှ တွေးတတ်ပလေ၊ ငါက ဘာလို့ မင်းကို ရှုံ့ရမှာ လဲ၊ မင်းနဲ့ ငါနဲ့ အိမ်ထောင်သက် အနှစ်အစိတ်ကျော်ပြီပဲ မမြန္တယ်၊ မင်းခုထိ ငါ့ကို နားမလည်တာ အံ့ရော၊ ဒီမယ် . . ."

အသံခဏ ပြတ်သွားသည် ။ ချက်ချင်းဆိုသလိုပင် -

"မင်းနဲ့ အကြောင်း မပါခင်ကတည်းက ငါစက်ချုပ်လာတာ။ မင်းလဲ ကြယ်သီးတံတပ်လာတာ၊ တခါတလေ လက်ကိုအပ်စူးမိကြတာပဲ မဟုတ်လားကွာ။ အဲလိုပဲ ခုကိစ္စလဲ ဒီလိုသဘောထား လိုက်ပါ မမြန္တယ်ရာ။ မဟုတ်ဘူး လား၊ အရေးကြီးတာက သမီးရဲ့ ကျန်းမာရေးကို ဒို့ဂရုစိုက်ဖို့ပဲ"

ရင်ထဲတွင် ကျဉ်သွားလေ၏။ အပ်စူးသကဲ့သို့ ပါတကားဟု ပြန်ပြောင်း နားလည်လိုက်သည် ။ နုတ်ပယ်မရအပ်သော စူးခြင်းမျိုးဖြင့် စူးနေသည် ကိုကား အဖေတို့ သိချင်မှ သိချေမည်။

***

မိုးပုဆိန်သံ ပြင်းထန်လွန်း၍ ထင်၏။ နားတွင် တဖြည်းဖြည်း ပီသလာ၏။ မျက်လုံးက မှေးမှေး ပွင့်လာသည် ။ အိပ်ခန်းအပြင်နံရံမှာ တပ်ထားသော မီးလုံးငယ်၏ အလင်းရောင်ကို မှိန်မှိန်မြင်ရသည် ။ အဖေ့ဟောက်သံကို ကြားရ၏။ အမေကမူ ဟောက်လေ့မရှိ။ တခါတရံ ကိုယ်လက်ကိုက်ခဲ၍ ရောင်ယမ်း ညည်းညူတတ်သည် ။ စုတ်သတ်သတ်သည် ။ ယခုသော် ဘာသံမျှ မကြားရ။ အဖေ့နည်းတူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသလော။ အိပ်မရစေနိုင်သည့် အတွေးများ ထဲတွင် တိတ်ဆိတ်ငြိမ်သက်နေသလော မပြောတတ်။ အချိန် မည်ရွေ့မည်မျှရှိပြီ မမှန်းဆနိုင်။ နာရီပြန် တချက်နှစ်ချက်တော့ ရှိလောက်ပြီ ထင်သည် ။ ပွင့်လာသော မျက်လုံးတို့ တွင် မဖန် မတွတ်။ ပြန်လည်အိပ်ရန် အာသာမရှိ။ ဦးနှောက်ကြည်လင် နေသည် ကို သိလိုက်သည် ။ ခါတိုင်းနေ့တွေဆိုလျှင် ခေါင်းထဲတွင် ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေသည် က များ ၏။ ရင်ထဲတွင် အိလည် လည်နှင့်။ ရင်ပြည့်နေသည် သို့ ခံစားရသည် ။ မနေ့က တနေ့ကနှင့်စာလျှင် သည် နေ့တွင် ပို၍ ကြည်ကြည်စင်စင်။

ခန္ဓာကိုယ်တွင်း သက်သောင့်သက်သာ ဖြစ်လာသည့်အတွက် အားရမိ၏ အိမ်အလုပ်တွေကို စိတ်မပါ့တပါ ပြုလုပ်ခဲ့ရသည် တို့ မှာ မနိုင်ဝန်ကဲ့သို့ ကြီးမားလှချေ၏။ အိပ်ရာထဲတွင် လှဲနေချင်သည် ။ အတွေးမှန်သမျှထဲတွင် အစဉ်လွှမ်းလျက်ရှိသော သူ့အကြောင်းကို ပြီးဆုံးခြင်းကင်းမဲ့စွာ စဉ်းစား၍ သာ နေချင်သည် ။ ဒဏ္ဍာရီသဖွယ်ဖြစ်လာသော ကိုယ့်ဘဝအကြောင်းကို အဆုံးမဲ့စွာ အံ့ဩ ကြေကွဲနေချင်သည် ။ သို့သော် ကိုယ့်ကို အပြစ်တမြူမျှပင် မထင်ရှာသော အဖေနှင့် အမေတို့ အား တခုခုဖြင့် ပြန်လည်ပေးအပ်မည်ဟု သိသည် ။ စိတ်ပျက်ခြင်း၊ အားလျှော့ခြင်းတို့ သမီး၌ မငြိကပ်စေ လိုသော မိဘကို နားလည်ရမည်ဟု သူသိသည် ။ ရင်ထဲမှ အစစ်အမှန်တွေကို ထိုအသိဖြင့် ဖုံးခဲ့ကာခဲ့ရသည် ။

ဟန်ဆောင်ခြင်းအလုပ်မှာ မကောင်းတော့ မကောင်းဟု ထင်သည် ။ သို့ ရာတွင် အဖေနှင့် အမေတို့ စိတ်ချမ်းသာစေနိုင်မည့်အတွက် ဟန်ဆောင် ရခြင်းသည် ကား သင့်လျော်သော အလုပ်ဟု ယူဆခဲ့သည် ။

မလှုပ်ရှားချင်သော်လည်း စိတ်တင်းပြီး ပြုမြဲအိမ်အလုပ်တွေ ဝင်လု ပ်သည် ။ မစားလိုသော်လည်း မျက်စိမှိတ်ပြီး စားရသည် ။ စားရင်းပို့ တက်သည် ။ ကျိတ်မှိတ်ပြီး မျိုချရသည် ။ ခန္ဓာတဝှမ်းလုံးတွင် အခြေအ နေတွေ ပြောင်းနေပြီဟု သဘောပေါက်သည် ။ ခြေတို့ သည် စုံရပ်၍ သာ နေလို၏။ လက်တို့ သည် မလှုပ်မယှက်ဖြင့်သာ နေလို၏။ နှုတ်ခမ်း နှင့်တကွသော လျှာသွားတို့ သည် ငြိမ်သက်လျက်သာ နေလိုသည် ။ ဝမ်း နည်း လှိုက်လှဲခြင်းတို့ ဖိစီးသောအခါများ တွင် နှလုံးအိမ်ကို ပါ ခပ်မဆိ တ် နေလိုက်စေချင်သည် ။ သူ့ကို တမ်းတ သတိတရစိတ်ကိုကား ထာဝ ရ ရှင်သန်နေစေချင်၏။

ဆန်ရွေးနေစဉ် သူ့မျက်နှာကိုမြင်သည် ။ ပန်းကန်တွေ ဆေးနေစဉ် သူ့အသံကိုကြားသည် ။ ကြယ်သီးတံ ကူတပ်နေစဉ် သူ့စကားတွေက အ ပ်ချည်တလျှောက် စီကာစဉ်ကာ စီးလာ၏။ အလင်းရောင်ပြန်၍ လဲ့လဲ့လ က်သော အပ်ဖြားတွင် သူ့မျက်လုံးအစုံက ထင်လာသည် ။ စက်ချုပ်သံ တွေ ကြားတွင် သူ့ကားသံကို ယောင်မှား၍ ကြားရသည် ။ တွေးမြော်ခြင်းဖြင့် စိတ်သက်သာရာရမှန်းမသိရလာသည် ။ ထို့ပြင် သ ည် နည်းဖြင့် ဖြတ်သန်းရသော ကာလ၏ ပမာဏကို အမှတ်သညာ ကင်းစေသည် ဟု လည်း ထင်၏။ ခံစားသိမှတ်မှု အလျား ဆန့်မှန်းသိသိ ဆန့်နေသည် ကို တဖန် သိရသည် နှင့်စာလျှင် မသိမမှတ်စွာ နေရခြင်း က ကောင်းလိမ့်မည်။ ငရဲကြီးရှစ်ထပ်၏ အခြားမဲ့၌ အထူးတလည် တ ည်ရှိသည့်အချစ်ငရဲ၌ သစ်ငုတ်သဖွယ် ဖြစ်နေရခြင်းက ဝေဒနာတမျိုး တမည် ပေါ့ပေလိမ်မည်။ အချစ်မဟာငရဲ၌ ငရဲသစ်ငုတ်ပေတကား။

သပိတ်လွယ်ငှက်၏ မိုးဘွဲ့တေးကို သဲ့သဲ့ကြားလေသည် ။

***

စင်ကြယ်လှစွာသော နံနက်ခင်းဟု ခံစားရသည် ။

မျက်နှာသုတ်ပဝါကို ပခုံးပေါ်တွင် တင်လိုက်ရင်း မျက်လုံးဝေ့လိုက်သည် ။ စိမ်းလန်းသော ခြံကြီးအတွင်း၌ မြေငွေ့ပြာပြာက ပါးလျားစွာ ဆိုင်း၍ နေ၏။ သစ်ရွက်၊ သစ်ခက်တွေအားလုံးက ရွှေ့ရွှေ့မျှမခတ်။ စိုပြည်သောအစိမ်းဖြင့် အတင့်အတယ် ရှိကြသော ဝါးရွက်တွေ၊ သပြေရွက်တွေ၊ ပိန္နဲရွက်တွေ ဝေဝေဆာဆာ။ ဆောင်တော်ကူး အနွယ်တွေက ပန်းအိချုံပေါ်မှ တဆင့် သက်ရင်းကြီး ပင်ပေါ်သို့ တက်နေသည် ။ ညွန့်ဖြားတွေက လှုပ်လာ၏။ အနောက်တောင်လေပြည်က တချက် နှစ်ချက် ဆင်းသက်လာ၏။ သက်ရင်းကြီးရွက်အို တချို့ ကြွေကျလာသည် ။ ပန်းရောင်ရင့်ရင့်စာရွက် တရွက် လွင့်လာသည် သို့မြင်ရ၏။ စိတ်က သစ်ရွက်လို လွင့်ချင်ချင် ဖြစ်လာသည် ကို ချက်ချင်း သတိပြုမိ လိုက်၏။ မျက်လုံးကို လွှဲပစ်လိုက်သည် ။ ခြံအနောက်ဘက် လမ်းဆီမှ လူရိပ်ကိုမြင်သည် ။ ပဲပြုတ်သည် ၏ ဈေးခေါ်သံကို ကြားရသည် ။ ခုနစ်လ၊ ရှစ်လကိုယ်ဝန်နှင့်၊ တဝမ်းတခါးအတွက် ထိုအချိန်တိုက်သည် အထိ လှုပ်ရှားသွားလာရပါသေးကလားဟု အောက်မေ့၏။ ကြခတ်ဝါးနှင့် ပလောပီနံပင်တွေ၊ ချုံနွယ်တွေ ကြားမှ မြင်နေရသော ပဲပြုတ်သည် ကို အဝေးသို့ ရောက်သည် အထိ ငေးကြည့်မိသည် ။ ကြည့်နေဆဲ အမြင်ထဲတွင် ခြံနားသို့ ကပ်လာသော လူရိပ်တရိပ် ထပ်တွေ့သည် ။ မျက်လုံးကို ရွှေ့လိုက်သည် ။ ထိုစဉ် လေသံခပ်အုပ်အုပ်ဖြင့် ‘ရှူး’ ကနဲမြည်ကာ နှစ်ချက်သုံးချက် အသံပြုသံကြားလိုက်ရ၏။ တရုတ်စကားပင်နှင့် အုန်းနှဲပင်ကြားမှ မျက်နှာ

ကို လင်းလင်းချင်းချင်း မြင်ရ၏။ ပြုံး၍ ကြည့်နေသော နီနီ။

ပြန်လည်ပြုံးလိုက်ရင်း ရေကပြင်ထက်မှ ဆင်းလိုက်သည် ။ ခုံဖိနပ်စီးပြီး ကိုယ်ကိုလှည့်သည် ။ သွက်သွက်လှမ်း၍ သွားသည် တွင် ခုံဖိနပ်သံက ကပ်လျက် ပါလာ၏။ စည်းရိုးပင်တွေ အနီးသို့ ရောက်ခါနီးမှ . ..

"ဒီနေ့ ဈေးသွားတာ စောတယ်နော်"

နီနီ ခေါင်းညိတ်ပြသည် ။ ဈေးခြင်းတောင်း ချိတ်ထားသော လက်ဖြင့် အုန်းနဲ့ကိုင်းကို အသာ ဖယ်ကာ ရှေ့တိုးရင်း . ..

"ဒီနေ့ ဟိုသွားရမယ်လေ။ ဝင်ခွင့်ပုံစံတွေ သွားယူဖို့ ။ စောစောချက်ပြီး စောစောရောက်အောင်လို့ "

နီနီက တက္ကသိုလ်ဝင်ခွင့်ပုံစံတွေ ယနေ့သွားယူရမည့်ကိစ္စကို ပြောသည် ။ အုပ်ချုပ်ရေးရုံးသို့ သွားရမည့် အကြောင်းကို ပြောခြင်းဟု နားလည်သည် ။ သည် နှစ် နီနီ စာမေးပွဲအောင်သည် ။ အတူတူ ဖြေခဲ့ကြသူချင်း နီနီက နှစ်ချင်းပေါက် အောင်ခဲ့သည် ။ ကိုယ်က ကျကျန်ခဲ့သည့်အတွက် ဝမ်းနည်းရမည်ကိုပင် မေ့ခဲ့သည် ။ အောင်စာရင်း ထွက်သည့်အချိန်က ရင်သွေးတလ။ ရင်သွေးကို အကြောင်းပြုပြီး စိုးရိမ်ခဲ့ရသည် မှ အစ စိတ်နှလုံးနောက်ကျိဖွယ်တွေ များ စွာကြုံခဲ့သည် ။ စာမေးပွဲ ကျသည် ဟူသော အသိသည် သိသည် တခဏသာ ကြာခဲ့သည် ။ အမိအဖတွင် လည်းကောင်း၊ ကိုယ့်ကိုယ်ကိုယ်တွင် လည်းကောင်း သိက္ခာမှဲ့ စွန်းစွန်းထင်းလေတော့မည်လားဟု ကြောင့်ကျနေရချိန်။ အမေဖြစ်သူကိုပင် နှုတ်မဟရဲသော အခြေအနေ။ မိန်းကလေးတယောက်၏ ဘဝတွင် တွေးမကြည့်ဝံ့သည့်အဖြစ်။

"မနေ့ကတည်းက နီနီ လာမလို့ "

မျက်တောင်တချက်ခက်ကာ ပြုံးပြလိုက်သည် ။ မနေ့က သူတို့ အိမ်သို့ အမေနှင့်အတူ သွားခဲ့သည် ။ ပြောစရာစကားတွေပြောခဲ့သည် ။ ထိုအကြောင်းကို ရည်ရွယ်၍ နီနီမေးခြင်းဟု သူ သဘောပေါက်သည် ။ ထိုသဘောဖြင့် ခေါင်းညိတ်ပြလေသည် ။ ပြောမည်အပြုတွင် . . .

"ဘယ်လိုတဲ့ လဲ"

"ဒီလိုပါပဲကွယ် . . ."

"ဟင် . . .မနှင်းဖွေးစကားကလဲ"

နီနီက ပင့်ထားသော မျက်ခုံးနှင့်ဖြစ်နေသည် ။ ဖြူဖြူပြည့်ပြည့်မျက်နှာမှာ အိုလျက်သားနှင့်ရှိလေ၏။ သူက ရှေ့သို့တိုးနိုင်သမျှ တိုးရင်း ဝါးခက်ကို ဆွဲဆယ်ကာ -

"ဟုတ်တယ်နီနီ။ ကိုယ်တကယ်ပြောတာ။ ကိုဝင်းဇင်ဆီကို သူတို့ စာရေးထားတယ်တဲ့ ။ ခုထိ ဟိုကဘာစာမှ မလာဘူးတဲ့ ။ ကာယကံရှင်ဆီက ဘာမှ အကြောင်းပြန်ချက် မရသေးတော့ သူတို့ အနေနဲ့ ဘယ်လိုစီစဉ်ရမှန်း မပြောတတ်တော့ဘူးတဲ့ ။ ဒီတော့ အမေက ဝင်ပြောတယ်။ ဒီလိုဆို . . .

"ကိုဝင်းဇင်အမေနဲ့ တွေ့တာလား"

နီနီက သူ့စကားကိုဖြတ်ကာ မေးသည် ။ သူ ခေါင်းညိတ်ပြီး စကားကို ပြန်ဆက်သည် ။

"အမေက အဲသလိုဆိုလဲ နှစ်ဖက်လူကြီးအနေနဲ့ ကလေးတွေ လက်ထပ်ပေးတာမျိုး ပြုလုပ်ရင်ကောလို့ မေးလိုက်တယ်။ ကိုဝင်းဇင်အမေက မျက်လုံးပြူးသွားတယ်။ ဒါဆိုရင် ခုချက်ချင်း အဖြေ မပေးပါရစေနဲ့ အုံးတဲ့ ။ ဖအေဖြစ်တဲ့ သူနဲ့ တိုင်ပင်ပါရစေအုံးတဲ့ ။ ဒါပဲလေ"

သူ့မျက်လုံးအစုံကို စိုက်၍ ကြည့်နေသော နီနီနဖူးမှာ တွန့်လာ၏။

"ဒေါ်လေးရဲ့ သဘောက သတို့ သားမပါတဲ့ လက်ထပ်ပွဲဆိုပါတော့"

"အင်း . . .ဒီသဘောပါပဲ"

"ကိုဝင်းဇင်အဖေကကော ဘာတဲ့ လဲ"

"ပထမဆုံးတခေါက်က ကိုဝင်းဇင်အဖေနဲ့ တွေ့ကြတယ်လေ၊ အဲဒီတုန်းက ကိုယ်မှ ပါမသွားတာ။ အမှန်အတိုင်း ဖြစ်ရပါစေမယ်လို့ ပြောလိုက်တယ် ဆိုတာပဲ။ မနေ့က အခေါက်နဲ့ ဒုတိယ အခေါက်မှာ တုန်းက ကိုယ်လိုက်သွားခဲ့တယ်။ သူ့အဖေနဲ့ မတွေ့ခဲ့ရပါဘူး"

"ဒါဖြင့် ဘယ်တော့လောက် အကြောင်းပြန်မယ်တဲ့ လဲဟင်"

စိတ်ပျက်စွာပြုံးလိုက်သည် ဟု နီနီတွေးမိပေလိမ့်သည် ။ သူနှုတ်ခမ်းကိုစေ့ထားသည် ။ ဖြေရမည်ပင် စိတ်မပါလေဟန် အတန်ကြာမှ -

"သုံးလေးရက်အတွင်း အကြောင်းပြန်မယ်တဲ့ "

နီနီ၏ ဖြူဝင်းသော မျက်နှာ နီထွေးထွေး ဖြစ်သွားသည် ။ မနှစ်မြို့သော မျက်လုံးကို သူသတိ ပြုမိသည် ။ ညီအစ်မ တဝမ်းကွဲ သွေးသားတဦး၏ အရေးအတွက် နာကျင်ခြင်းတွင် မိန်းကလေးချင်း စာနာခြင်းကပါပါဝင်နေသည် ဟု သူယူဆသည် ။

"ပေါ့တီးပေါ့ဆကြီး မနှင်းဖွေးရယ်"

စိတ်ထဲမှ မဲ့လိုက်သည် ကို နီနီ မြင်လိမ့်မည်မထင်။ ဖြေစရာစကားမရှိ။ တသဘောတည်း ခံစားခဲ့ရပြီးဖြစ်၍ ငြိမ်နေလိုက်သည် ။

"သူတို့ မှာ လဲ သမီးရှိတာပဲ။ သမီးချင်း စာနာဘို့တော့ ကောင်းပါတ

ယ်။ ကြီးကြီးဒေါ်အေးခင်ကတော့ သူတို့ ကို တော်တော် အသည်းနာနေတယ်။ မနေ့ကတောင် ဒီအကြောင်းတွေ ပြောသေးတယ်။ သူ လိုက်လာတုန်းက ဟိုအိမ်အကြောင်းပေါ့။ ခပ်စီးစီး ဆက်ဆံလွှတ်လိုက်တာက အစ။ ခုလဲ ကြည့်လေ။ ကိုယ့်သားကို သားမဟုတ်သလို၊ ကာယကံရှင်တဲ့ ။ ဘာမှ မဆိုင် ဘာမှ တာဝန်မယူချင်တဲ့ လေသံမျိုးနဲ့ ။ မနှင်းဖွေးရယ် . . . နီနီ့သဘောကတော့ ကိုဝင်းဇင် ကိုယ်တိုင်ကိုက အဟုတ်မဟုတ်တာလို့ ထင်တာပဲ"

ဒေါ်သသံက စကားလုံးတိုင်းတွင် စေးကပ်လျက်ရှိ၏။ သူက ဘာမျှ ပြန်မပြော။ နီနီက ဆက်၍ ပြောသည် ။

"မျက်နှာလွှဲခဲပစ် စကားတွေပါ။ ကိုဝင်းဇင် ကိုယ်တိုင် မနှင်းဖွေမှာ ပြဿနာရှိနေပြီဆိုတာ သိရက်နဲ့ လူကြုံမှာ စာတကြောင်းမရေးဘဲ လမ်းစပျောက် လုပ်သွားတာ နီနီပိုပြီး ခံပြင်းတယ်၊ သိလား"

ဘေးလူ၌ ထိုမျှဖြစ်စေသည့် အကြောင်းအရာတွေကို ချစ်သူက ဖန်တီးခဲ့ပါတကားဟု နင့်ရသည် ။ သို့တစေ၊ မနာကြည်းရက်၊ ယခုတိုင် အပြစ်တွေးမျိုး မတွေးမိခဲ့။

"သူ့မှာ အကြောင်းတခုခုရှိလို့ နေမှာ ပေါ့ နီနီရယ်၊ မဟုတ်ဘူး လား"

နီနီက ခေါင်းကို အသာအယာ ခါပြသည် ။ အသံစူးစူးဖြင့် တိုးတိုးပြောသည် ။

"မနေ့ကနေ့လယ် ဗိုလ်ချုပ်ဈေးမှာ စိုးလင်းဇော်နဲ့ တွေ့လို့ ကိုဝင်းဇင်သတင်း နီနီ မေးလိုက် သေးတယ်။ သူ့ဆီလဲ စာမလာဘူးတဲ့ ။ မနှင်းဖွေးကို မေးပါတယ်။ တနေ့နေ့လောက် သူလာပါ အံ့းမယ် ဆိုတဲ့ စကားလဲ ပါးလိုက်တယ်။ နီနီက ဒီကအခြေအနေတွေ ပြောလိုက်တယ်။ သူသိပြီး သားပါတဲ့ ။ ဟုတ်လား သူသိပြီးသားလား"

"ကိုဝင်းဇော်ညီမ ပြောပြလို့ နေမှာ ပေါ့"

"ကိုဝင်းဇော်ကို သူ ဒေါသဖြစ်တယ်လို့ တခွန်းပြောတယ်။ နီနီက ဘာဖြစ်လို့ လဲလို့ မေးမလို့ လုပ်တုန်း သူ့သူငယ်ချင်းတွေ ရောက်လာလို့ စကားပြတ်ပြီး နှုတ်ဆက်သွားတာနဲ့ မမေးလိုက်ရဘူး။ သူ့စကားက တမျိုးကြီးပဲ။ အဲဒါလဲ မနေ့ညက လာပြောမလို့ ၊ မနှင်းဖွေးတို့ သွားတဲ့ ကိစ္စ အခြေအနေလဲ သိချင်လို့ လာမေးရင်းနဲ့ ။ စိုးလင်းဇော်ရဲ့ စကားကို သိပ် သိချင်တာပဲ"

ကြီးကျယ်လှသော အံ့ဩမှုတွေကြားမှ အသစ်တခု။ နီနီ့နည်းတူ သိလိုစိတ်က ရုန်းကြွလာ၏။ ဘာအဓိပ္ပာယ်ပါလိမ့်။ စိုးလင်းဇော်က သူ့ကို အဘယ်အကြောင်းကြောင့် ဒေါသ ဖြစ်ရပါလိမ့်။ ယခုထိ ကွဲပြားစွာ မယူမှတ်ဝံ့သော အကြောင်းနှင့် ပတ်သက်နေမည် ထင်သည် ။ နိုင်ငံခြား သဘော်နှင့် ထလိုက်သွားရသည် ဟု သတင်းကြားရုံမှ အပ မောင့်အပြု အ မူ အ ၁းလုံး မှ ၁ နည်းနည်းတော့ သံသယဖြစ်ဖွယ်။ ချက်ချင်း အမှုမထမ်း၍ မဖြစ်။ ချက်ချင်းပင် လိုက်ပါသွားခြင်း သက်သက်လော။ ပြဿနာကို ရှောင်ရှားသည့် သဘောဖြင့်လော။ စောကြောရန် ခက်လှ သည် ။ မောင့်ကတိစကားတွေက ထိုသံသယတွေကို တဖက်တလမ်းမှ ဖဲ့ဖြိုနေသည် ။ စကားတခွန်းတစ ပါးသင့်ပါလျက် ရေတွင် လျှိုးသော ငါးပမာ ပျောက်ကွယ်သွားခြင်းကို တဖန် နားမလည်။

"တော်တော် ဆန်းတဲ့ စကားပဲ နီနီရယ်နော်၊ အေးကွယ်၊ သိလိုက်ရရ င် သိပ်ကောင်းမှာ ပဲ၊ ဘာအကြောင်းလဲဆိုတာ"

နီနီက တွေ၍ နေ၏။ ခေါင်းကိုငဲ့ကာ အိမ်ဘက်သို့ မျက်လုံးရွှေ့လိုက် ၏။ တစုံတရာ စဉ်းစားနေဟန် ရှိလေသည် ။

"သူပြောလိုက်တယ်လေ၊ မနှင်းဖွေးဆီ ရောက်တော့ ရောက်လာမှာ

ပါ။ သူ့အိမ်ကိုသိရင်လဲ အကောင်းသား"

"သွားမေးဘို့လား"

"အင်း"

မနှင်းဖွေးက ပြုံး လိုက်လေ၏။ မည်သို့ အသိရှိသွားသည် မပြောတတ်။ နီနီကမေး၏။

"ဘာဖြစ်လို့ လဲ"

"အော်၊ ယောက်ျားလေးတယောက်အိမ်ကို မိန်းကလေးသွားရတဲ့ အလုပ် မဟုတ်လား"

နီနီ သဘောပေါက်သွားဟန် တူလေသည် ။ ခပ်တိုးတိုးရယ်၏။

"ဟုတ်တယ်နော်၊ စကားပမာသာ ပြောရတာပါ၊ ပြီးတော့ စိုးလင်းဇော်နဲ့ က သိပ်ရင်းနှီးတာလဲ မဟုတ်ဘဲလေ။ ကိုဝင်းဇင်နဲ့ ပတ်သက်ပြီးမှ သာ သိရတာ၊ မျက်မှန်းတန်းမိရုံ၊ စကာပြောဘူးရုံနဲ့ သူ့အိမ်မေးရမှာတို့ ၊ သူ့အိမ်ကို သွားရမှာ ဆိုတာက . . .ဟုတ်တယ်"

မနှင်းဖွေးက အသံထွက်အောင် ရယ်လိုက်သည် ။ ပြီးမှ . ..

"ဆွေပြမျိုးပြ ခေါ်တယ်ထင်ပြီး ချစ်သူအိမ်ကို လိုက်ခဲ့ရသေးတယ်လို့ လဲ ထင်သလိုမဟုတ်ခဲ့တဲ့ မိန်းကလေးတယောက် သင်ခန်းစာယူနော်၊ ဟုတ်လားနီနီ"

စကားအဆုံးတွင် မနှင်းဖွေးက ရယ်ပစ်လိုက်သည် ။ သပိတ်လွယ်ငှက်၏ တေးသံကို ကြားရပြန်၏။

***

# အခန်း (၃၅)

ဈေးပရဝုဏ်နှင့် တလှမ်းပြီးတလှမ်း ဝေးလာသည် ။ အနံ့စုံပွမ်းသောအရပ်နှင့် ကွာလာသည် ။ အသက်ရှူ၍ အားပါးတရလာသည် ။ ခြေကို ဖြေးလိုက်၏။ဈေးနံ့ကသာ စိတ်ကို နှောင့်ယှက်ခဲ့သည် မဟုတ်။ ဈေးမျက်လုံးတွေ၊ ဈေးနှုတ်ခမ်းတွေကပါ စိတ်ကိုအနေခက်စေခဲ့သည် ။ ဝယ်သူကို ကြည့်မြဲ တိုင်းကြည့်ကြခြင်း ဖြစ်နိုင်သည် ။ ဈေးသည် ချင်းပြောမြဲစကားပြောကြခြင်းဖြင့်လည်း ဖြစ်နိုင်သည် ။ ကိုယ့်ကိုယ်၌ က မလုံမလဲ ဖြစ်နေသည် ဟု တွက်မိ၏။ သို့သော် ကရုဏာမျက်လုံးတွေ၊ ရှုတ်ချမျက်လုံးတွေဟု ထင်သည့်ခါ ထင်သည် ။ အဲဒီကလေးမပေါ့ဟု ငေါ့သော မေးဖြားတွေ၊ အဖြစ်သနစ်ညွှန်းရာ စကားတွေ မြင်ယောင်ကြားယောင် ဖြစ်သည့်အခါ ဖြစ်သည် ။ ကိုယ့်အကြောင်းခြင်းတတွေ ပျံ့နေလောက် ပြီဟု တွက်၍ ရ၏။ ကိုယ့်မြို့ ကိုယ့်ရွာအထာကို သိခဲ့ပြီးသား။ လူဦးရေ နည်းသောမြို့။ မြို့စွန်၌ အမြစ်မှ ပြိုလဲသော ကညင်ပင်ကြီး၏ သတင်းကိုပင် တရက်မကူးမီ အိမ်အနှံ့ ဖြန့်စေနိုင်စွမ်းရှိသည် ။ လူတဦးတယောက် သတင်းဆိုလျှင် အဆိုင်းငံ့ဆုံးမှ ခုနစ်ရက်။ ကိုယ့်အဖြစ်အပျက်တွေက ကိုယ်နှင့်မကွာ အရိပ်ပမာ လိုက်ပါ နေချိန်မည့် လကွယ်နေကွယ် အလင်းတွေကွယ်သည့်အချိန်၌ပင်လျှင် အရိပ်ကျနေမည့်အရိပ်မျိုး။ စိတ်အနေ ကျဉ်းမြောင်း လှပါတယ်ဟု ဆင်းရဲခြင်း ဖြစ်ရလေသည် ။

အားတင်းစိတ်ဖြင့် မေ့ဖျောက်ကြည့်သည် ။ အကြွင်းရှိသေးသော်လည်း မျက်လုံးတည့်တည့် ထားကာ ရှေ့တူရူသို့ ကြည့်၍ ရလာသည် ။ သို့မဟုတ်လျှင် အမြင်တွင် သဲမြေပြင်ကတ္တရာလမ်းနှင့် မြက်ပင်တွေသာ ရှိလိမ့်မည်။ မျက်နှာထားကို သတိထားပြီး ပြင်ရသည် ။ နေမြဲအတိုင်းဆို ညှိုးတိညှိုးမြန်း။ တင်းလွန်းလျှင် တမင်မှန်းသိသာပေမည်။ ပင်ကိုအတိုင်း ကြိုးစားကာ ထားရသည် ။ စိုးစဉ်းမျှ မာချင်မာနေပေလိမ့်မည်။ ဈေးသွားဈေးပြန်တွေကို မကြည့်ဖြစ်။ ဝါးတရိုက် နှစ်ရိုက်အကွာလောက်မှ အသိအကျွမ်းကိုလှမ်း၍ ပြုံးကာရယ်ကာ နှုတ်မဆက်ဖြစ်တော့။ အနီးသို့ ရောက်မှ လောကဝတ်စကား တခွန်းစနှစ်ခွန်းစ ဆိုဖြစ်သည် ။ ကတ္တရာလမ်းခြားနေပါက မိတ်မပျက် ပြုံးရုံသာ ကျောင်းက သူငယ်ချင်းတွေနှင့် လမ်းမှာ ဆုံလျှင် စကားအမြန် ဖြတ်ခဲ့သည် ချည်း။ ထင်တော့ထင်ကြလိမ့်မည် စိမ်းသည် ဟု ပင်။

ဖြစ်နိုင်လျှင် လူအများ ရှိရာ အရပ်သို့ ခြေဦးမတည့်ခြင်း၊ အစားအသောက်ရန့်ကို ညှီနဲ့ ပေါက်ခဲ့သော လပိုင်းအခြားကို လွန်မြောက်စပြုခဲ့သည် ။ ထိုအပိုင်းအခြား၌ မူ ဈေးသို့အသွား များ သူမှာ အမေ။ အဖေက တပတ်သုံးလေးခါ ဈေးသွားပေးသည် ။ ကိုယ်က လှုပ်ရှားသွား လာနိုင်သော အချိန်တွင် မည်သို့ဖြစ်စေ သွားလာလှုပ်ရှား ရပေမည်။ အိမ်မှာ ကသားအမိ သားအဖ သုံးယောက်။ အိမ် အလုပ်တွေကို ကိုယ်မှ မလုပ်လျှင် အဖေအမေ၌ သာ ပို၍ ပင်ပန်းလိမ့်မည်။ အဖေ့မှာ က အပ်ချုပ်စက် အပေါ်မှ ဆင်းရသည် မရှိ။ အမေက လက်ချုပ်နှင့် ကြယ်သီးတံအလုပ် မပြတ်။ မိတ်များ သောကြောင့် အလုပ်နှင့်လက်နှင့်မကွာ။ ချက်ရေးပြုတ်ရေး အိမ်ကိစ္စကို ကိုယ်က တာဝန်ယူမှ ဖြစ်မည်။ သည် နှစ်တွင် ကျောင်းမတက်ဖြစ်တော့၍ အိမ်အလုပ်တခုသာ ရှိသည် ။ ထိုအခါ စိတ်ကို သန့်အောင်ထားကာ သွားလာရပေမည်။ တခုတော့ သက်သာရာ ရနေသေး

သည် ။ ထမင်း တဝစားသည် လောက်သာ ဝမ်းက ပြည့်တည့်တည့်။ ရှေ့လတွင် မူ ငါးလထဲသို့ ရောက်ပြီ။ ထိုစဉ်အခါ သိမြင်လွယ်မှာ သေချာသည် ။

"ဟော . . . သမီး ပြန် လာပြီကိုး"

ခြင်းတောင်းတဖက် ထီးတဖက်ကိုင်ကာ သူလာရာသို့ လှမ်းလာရင်း ပြောသော ဒေါ်အေးခင်။ ပါးစုံ့နှစ်ဖက်မှာ ပြုံးနေသောကြောင့် ပို၍ ဖောင်းလာ၏။ သူက နှုတ်ခမ်းမဖွင့် ပြန်ပြီး ပြုံးပြသည် ။

"ကြီးကြီး ဒီနေ့ နောက်ကျတယ်"

"မောင်အောင်ငြိမ်းတို့ ဒီနေ့ ကျောင်းစတက်ရတယ်လေ၊ မနက်ထဲက ထမင်းကြော် ပေးရတာတို့ ဘာတို့ နဲ့ သူ့ကိစ္စနဲ့ နဲနဲ နေမြင့်သွားတယ် ။ အခု ဈေးလာရင်း သမီးတို့ အိမ်ကို ဝင်ခဲ့သေးတယ်။ မောင်အောင်ငြိမ်း အတွက် လုံချည် ဝင်အပ်ပေးရတာ"

"ဟုတ်လား"ဟူသော သာမန်စကားလောက် တခွန်းပြောပြောရင်း ခြေစုံရပ်လိုက်သည် ။ ဝလွန်းသော ကိုယ်ကာယကြောင့် ဒေါ်အေးခင်၏ လမ်းလျှောက်ဟန် ရပ်လိုက်ဟန်မှ အိပဲ့အိပဲ့နှင့်။

"ဒေါ်မြနွယ်က အခုဈေးကို သမီးပဲသွားနေတယ်လို့ ပြောတယ်၊ ကောင်းတယ်၊ ကောင်းတယ်၊ ခုအချိန်မှာ ကျန်းမာရေးကို ဂရုစိုက်။ ဘယ်သူဘာပြောပြော အရေးမလုပ်နဲ့ ၊ ကိုယ့် ကျန်းမာဘို့ကသာ အရေးကြီးတာ။ ဟုတ်တယ် မဟုတ်လား။ အပူအစပ်တော့ သိပ်မစားနဲ့ ကြားလား"

မျက်နှာမှာ နွေးကနဲ ဖြစ်သွားသည် ။ ဒေါ်အေးခင့်အသံက အတန်ငယ် ကျယ်လွန်းသည် ဟု ထင်၏။ ရပ်၍ စကားပြောနေကြသော နေရာန

င့် လူငယ်တွေ အထိုင်များ သော လက်ဖက်ရည်ဆိုင်မှာ မလှမ်းမကွာလှ။ ဆိုင်ရှေ့တည့်တည့်တွင် မဆုံကြသည့်အတွက် တော်သေး၏ သို့သော် နားစွင့်နေမည်။ လှမ်းကြည့်နေကြမည်ကိုကား မလုံသော ကျောတို့ ဖြင့် သိနေသည် ။ ခေါင်းညိတ်ပြီး ခြေလှမ်းမည် အပြင်တွင် ကြီးကြီးနှယ် . . . ဟု စိတ်ထဲက ညည်းမိ၏။ ဒေါ်အေးခင်၏ မျက်လုံးက ရင်ညွန့်သို့ တကြ ည့် ဝမ်းသို့ တကြည့်ဖျက်ခနဲ ရောက်လာ၏။

"သမီးက တော်ပါသေးတယ်၊ ကြီးကြီးတုန်းကဆိုရင် ငါးလကျော် ခြောက်လအထိ ဘာမှ မစားချင်ဘူး။ ဟု တွိပတ္တိ စားတယ်ရယ်လို့ မရှိပါ ဘူး။ သမီးသူငယ်ချင်း မောင်အောင်ငြိမ်း ကိုယ်ဝန်နဲ့ တုန်းကပေါ့"

ကိုယ်ဝန်ဟူသော စကားလုံးက နားထဲတွင် မြည်ဟိန်းသွားလေသ ည် ။ ဘေးမှ ဖြတ်သွား ဖြတ်လာတွေကို မျက်လုံး ဝေ့မိသည် ။ တိုးတိုးပြောပါ ကြီးကြီးရယ်ဟု ပိတ်လိုက်ရကောင်းလေ မလားဟု စိတ် ကူးရ၏။ အလွန်အမင်း ထိတ်လန့်တကြား ဖြစ်နေမည်ဟု အထင်မခံချင် ပြန်။ ထို့ကြောင့် -

"သွားအုံးမှ ကြီးကြီးရေ၊ အဖေ မနေ့က ဥပုသ်ရတယ်လေ။ ခုမနက် ဆာနေမှာ ။ ပဲပြုတ်သည် က မနက်က ကျွန်မတို့ အပိုင်းလာသံမကြားရ လို့ မုန့်ဝယ်သွားရတယ်"

"ဟုတ်တာပေါ့။ အေး . . .သွား . . .သွား"

ခြေမကြွမီပင် စိတ်ပေါ့ပါးသွားသည် ။ ကိုယ့်ဘာသာကိုယ် မေ့မေ့ပျောက်ပျောက်နေ၍ မရပါတကားဟု စိတ်ညစ်လာသည် ။ အိမ် သို့ အမြန်ဆုံး ရောက်ချင်သည် ။ အိမ်မှာ နေရခြင်းကသာ စိတ်ချမ်းသာ သည် ။ မြန်မြန်လျှောက်လွန်းလျှင် ရင်သွေးကို တစုံတရာ ထိခိုက်မည် စိုးရိမ်ပြန်သည် ။ သိပ်မြန်တော့ မြေနှင့်ဖနောင့် ဆောင့်လိုက်သလို နေ

၏။ စိုးရိမ်စိတ်ကို ပြန်လည် သတိပြုမိသောအခါ ကျိတ်၍ ပြုံးမိ၏။ ရင်သွေးကိုထားသည့် မေတ္တာတမျိုးဟု နှလုံးအေးမြစွာ ခံစားရလေသည် ။ မမြင်ရသေးသော သံယောဇဉ်ကို စေတနာအတွက် တွက်နေခြင်းဟု နားလည်လိုက်၏။ မိခင်စိတ်၏ သဏ္ဍာန်မှာ ထိုသို့ပင်ဖြစ်မည်။ သူ့တွင် ကြည်နူးခြင်းတို့ ဖြစ်ပေါ်လာ သမျှ ပြောပြချင်သည် ။ မည်သူ့ကို ပြောရပါလိမ့်။ ပြောပြစရာ တဦးတယောက်က အနားတွင် မရှိတော့။ ရှိကောင်း ရှိလာမည်လားဟု မျှော်လင့်ခဲ့သေးသည် ။ သုံးလေးရက်အတွင်း အကြောင်းပြန်ပါ မည်ဆိုသော စကားကို စောင့်ခဲ့သည် ။ ထိုစကားတို့ သည် လေထဲတွင် ပင် ဝေ့လာဖော်မရကြ။ စိမ်းကားတတ်သူတို့ ၏ ရင်ထဲတွင် ထိုသို့ပင် ရှိတတ်ချေ၏ ဟု ကိုယ်တွေ့သိခဲ့ရပေပြီ။

ခြံဘက်သို့ လှမ်းကြည့်လိုက်သည် ။ စိမ်းစိုအုပ်ဆိုင်းသောအမြင်နှင့် ရှိနေလေသည် ။ ရေးကမူ နေချင့်စဖွယ်။

***

စင်ပေါ်တွင် ဆေးပြီးသား ပန်းကန်တွေကို ရေစစ်ရင်း တင်ထားလိုက်သည် ။

ရေစိုနေသော လက်ဖဝါးချင်းပွတ်၍ ခါလိုက်၏။ ထို့နောက် ထမင်းအိုးပေါ်တွင် တင်ထားသော ပုဆိုးပိုင်းအစကို ယူသည် ။ အိုးအပူရှိန်ကြောင့် သွေ့နေပေပြီ။ လက်သုတ်ရင်း ဈေးခြင်းတောင်းကို ငုံ့ကြည့်လိုက်၏။ ငါးရံ့နှစ်ကောင် သုံးကောင်က ချဉ်ပေါင်ရွက် စည်းများကြားတွင် ။

ငါးကိုင်ရမည်ကို ကျောတွန့်မိ၏။ ငါးညှီနံ့ကိုမူ နှာခေါင်းက

မယဉ်ပါးချင်သေး။ ဟင်းနံ့ချွေးနံ့ကို အနည်းငယ်သာ သည်းခံနိုင်သေးသည် ။ သားငါးထက် အသီးအရွက်ကိုသာ အာရုံရှိသည် ။ အဖေက ငါးရံ့ဆီပြန်နှင့် ချဉ်ပေါင်ဟင်း စားချင်ဆို၍ စီစဉ်ရသည် ။

ခြင်းတောင်းကို လှမ်းယူပြီး မီးဖိုဆောင် ထရံဘေးသို့ရွှေ့လိုက်သည် ။ အနီးရှိ ဖင်ထိုင်ခုံကိုယူပြီး ထိုင်လိုက်သည် ။ ချဉ်ပေါင်စည်းတွေကို ဗန်းထဲသို့ ယူထည့်သည် ။ ခြင်းတောင်းအခြေမှ ပြုတ်သီးစိမ်းတွေကို ကောက်ကာ သတ်သတ်ပုံလိုက်သည် ။

ထိုစဉ် ခြေသံကြား၏။ လှည့်ကြည့်လိုက်သောအခါ အမေ့ကို တွေ့၏ ။ ပါးလျားသော အမေ့နှုတ်ခမ်းက ပြုံးယောင်ယောင်နှင့် ရှိသည် ။

"ထမင်းအိုးများ ဆူပြီလားလို့ "

"သမီးကြည့်နေပါတယ်။ ခဏလောက်နေမှ ဆူမှာ ပါ"

မီးဖိုဆောင်အဆင့်သို့ အမေ ဆင်းလာသည် ။ သူ့ဘေးတွင် လာ၍ ရပ်၏။

"ဆူဆူချင်း မငှဲ့နဲ့ အုံးနော်။ မနေ့က ပြည်သူ့ဆိုင်က ထုတ်လာတဲ့ ငကြွဲနဲ့ ကျန်နေသေးတဲ့ မီးဒုံးနဲ့ အမေရောထားတာ။ မီးဒုံးက တလုံးကျော်ကျော်လောက်ထဲပါ။ ခုတပတ်ပေးတဲ့ ငကြွဲက အတော်ကောင်းတယ်။ မဆိုးပါဘူး၊ အဆူတော့ နဲနဲခံတယ်။ အမေ ငါးကိုင်လိုက်မယ်။ သမီး ချဉ်ပေါင်ပဲ သင်ထား"

သူ တချက်ပြုံးပြသည် ။

"နေပါစေ၊ သမီးပဲ လုပ်ပ့ါမယ်။ အမေ့အလုပ်တွေက ပုံနေတဲ့ ဥစ္စာ။ အော် . . . ဒ့ါထက် ပန်းထိမ်အိမ်က ညီအစ်မတွေ လာအပ်ထားတာတွေ ဒီညနေ ရက်ချိန်းစေ့ပြီ ထင်တယ်။ ချက်ပြုတ်ပြီးရင် ကြယ်သီးတံတွေ

သမီး . . ."

"တထည်လား ကျန်တာ၊ သုံးလေးခုတောင် အမေတပ်ပြီးပြီ"

အမေ စကားဖြတ်ကာ ဝင်ပြောသည် ။ အမေ့မျက်လုံးက ဗန်းသို့ တစွေ့ရောက်လာ၏။

"ငြုတ်သီးစိမ်းတွေ အကုန်မထည့်နဲ့ နော် ။ ပြီးတော့ သမီး သိပ်မစားနဲ့ "

မျက်နှာတွင် ရှိန်းထသွားသည် ။ အပူအစပ်တွေ မစားရန် အမေက မကြာခဏ သတိပေးတတ်သည် ။ မြေးအတွက် တစုံတရာ ထိခိုက်မည်ကို ပို၍ စိုးရိမ်လေဟန်ဟု ထင်၏။ အမေ့မျက်နှာသို့ ရောက်နေသော သူ့မျက်လုံးအစုံကို တဖြည်းဖြည်း ပြန်ပြီး ရွှေ့ယူရသည် ။ ရင်ထဲတွင် စိမ့်စွာခံစားရသည် ။ မိခင်၏ အချစ်၊ သမီးနှင့်ထပ်တူ မမြင်ရသေးသော မြေးကိုပါ ချစ်သောအချစ်။ ဟုတ်ကဲ့၊ အမေဟူသော စကားကို ပြန်ပြောရန် မေ့ပင်မေ့သွားသည် ။

"ထိုင်တာကို တသမတ်ထဲ အကြာကြီး မထိုင်နဲ့ ။ ဟိုလိုလှည့် ထိုင်၊ ဒီလိုလှည့်ထိုင် ထိုင်။ သမီးလဲ ညောင်းမယ်။ ကလေးလဲ အထဲမှာ အနေကျုံ့တတ်တယ်။ ကဲပါအေ . . .ငါးကို အိုးထဲ ထည့်ပြီး အမေ့ပေး"

"ရပါတယ် အမေရဲ့ "

စကားလုံးတွေက စောစောကထက် တိုးသွား၏ အသံက တိမ်နေချေသည် ။ အမေက ပြောပြောဆိုဆိုနှင့် အိုးစင်ပေါ်ရှိ ဒန်အိုးလွတ်ကိုယူသည် ။ ခြင်းထဲမှ ငါးတွေကိုယူသည် ။ တိုင်ဘေးတွင် ကပ်ထားသည့် ဓားမကို သွားယူပြီး ရေကပြင်သို့ ဆင်းသွား၏။ အမေ့ကို တငေးငေး ၍ ကြည့်နေမိသည် ။ ခြင်းထဲရှိ ကြက်သွန်ဖြူနီတွေ၊ စပါးလင်စည်း၊ နံနံပင်၊ အချို

မှုန့်ထုပ်လေးနှင့် မဆလာထုပ်တွေကို ဗန်းထဲသို့ ထည့်နေစဉ် အမေ့ထံသို့ နားက ရောက်နေ၏။ ရေပုံထဲသို့ ရေထည့်သံ၊ စဉ့်နီတုံးရွှေ့သံငါးအကြေးထိုးသံ၊ ဆူးတောင် ခုတ်သံတွေ ကြားရ၏။

ချဉ်ပေါင်ရိုးတွေကို ဇကာထဲသို့ ထည့်နေစဉ် ထမင်းအိုးဖုံးကြွလာ၍ အဖုံးလှမ်းဖွင့်၏။ ယောက်မဖြင့် တချက် နှစ်ချက် မွှေလိုက်သည် ။ ထို့နောက် လက်နှီးကို လှမ်းယူကာ စင်ပေါ်တွင် အသင့်ထားသည့် ကြွေဇလုံကို မီးဖိုအနီးသို့ ရွှေ့သည် ။ ပြုတ်သီး လေးငါးတောင့်ယူကာ ဇလုံထဲထည့်သည် ။ ထမင်းရေငုံ့ခါနီးတွင် ပြုတ်သီးထောင်းရန် ပြင်ဆင်ထားရသည် ။ အစိမ်းထောင်း လျှင်ကြာသည် ။ မြန်မြန်မညက်။ ထမင်းရေပူ ခဏစိမ်ထားသောအခါ မကြာခင်ကြေညက်သည် ။ ပြုတ်ဆုံကို လှမ်းယူစဉ် -

"ချဉ်ပေါင်ဟင်းထဲကို ပြုတ်သီး မထည့်ဘူးနော် သမီး ညည်းအဖေက အဖြူထည်ပဲ ချက်ပါတဲ့ "

"မထည့်ပါဘူး အမေ"

ချဉ်ပေါင်ဟင်းကို ဆီဖြင့် အဖြူထည်ချက်ပါဟူသော အသံကြောင့် စိတ်လှုပ်သွား၏။ မောင့်စကားတခွန်းကို ကြားယောင်၏။ ‘ချဉ်ပေါင်အဆီဥလေးတွေ ဝေ့နေတာမြင်ရတာနဲ့ ပဲ ထမင်းဆာလာတယ် နှင်းရယ်။ နှင်းက ဟင်းချက် သိပ်ကောင်းတာပဲ။ ဘာချက်ချက် စားကောင်းတယ်’ ဟု အချစ်ရွှေထီးဆောင်းခဲ့စဉ်ကာလက စကားကို သတိရမိ၏။ မောင်သည် အိမ်သို့အ လည်လာသောအခါ ထမင်းစားသွားတတ်၏။ ‘ဆင်းရဲသားအိမ်က ထမင်းဟင်းကို မစားစဖူး စားရလို့ မောင်စားကောင်းတာဖြစ်မှာ ပေါ့’ ဟု မောင့်ကို ပြောခဲ့ဘူးသည် ။ အတွေးစ တစ ရသည် တွင် မခေါ်မဆက်သော အကြောင်းတွေက ရင်၌ သီလာသည် ။ မောင်နှစ်သ

က်သော အစားအသောက်တွေကို ပြန်လည် သတိရသည် ။ ‘မောင်တို့ အတူတူနေကြတဲ့ အခါကျရင် ငါးလေးချက်ကို မွှေးနေအောင် ကြွမ်းကြွမ်းလေး ခဏခဏ ချက်ပေးရမယ်။ ပြီးတော့ မြူရွက်သုပ်ရယ်၊ မန်ကျည်းရွက်နဲ့ သနပ်ရွက် ချဉ်ရည်စပ်စပ်လေး နေ့တိုင်း စားရတောင် မညည်းပါဘူး’ဟု မောင်က သူ့မေးဖျားကို ဖွဖွမကာ ပြောဘူးသည် ။ ပြန်တွေးကြည့်တော့ စကားတွင် အတိတ်နိမိတ် ပါနေသည် ။ အတူတူနေတဲ့ အခါ။ အိုးအိမ်အတည်တကျ လက်ထပ်ခဲ့ပြီးဟု ဆိုသည် မှ မဟုတ်ခဲ့။ နေခဲ့ကြသည် ပင်။ အတူတူသာ။ တခဏ။ ယခုသော် သူ့အပါးတွင် အတူတူနေဖော်ပင် မရတော့။

"ထမင်းအိုး အနေတော်ဖြစ်ပြီ ထင်တယ်"

အမေ ကျောပေးထားရင်း ပြောသည် ။

"ငှဲ့တော့မယ် အမေ"

ယောက်မထက်ရှိ ဆန်သုံးလေးစေ့ကို အပျော့အမာထောက်ကြည့်ပြီးပြောသည် ။ ရေနံဆီမီး အလျှော့တင်းဘီးကို လျှော့ချလိုက်၏။ အဖုံးယူဖုံးသည် ။ လက်နှီးကို တဖက်စီကိုင်ကာ အိုးနှုတ်ခမ်းတွင် တင်သည် ။ ကြွေဇလုံထဲသို့ ငှဲ့ပြီးလျှင် ထမင်းရည်ငှဲ့စင်သို့ သွားရမည်။ အမေနှင့် လွတ်မှ လွတ်ပါမည်လား တွေး၏။ အမေ ဟိုဘက်နဲနဲရွှေ့လေဟု ပြောခါနီးတွင် အမေ့ နောက်ကျောကို စူးစိုက်ကြည့်မိသည် ။

ရေစီးကြောင်းပေါ်နေပြီဖြစ်သော တက်ထရွှန်အဖြူအောက်တွင် ကျောရိုးအဆစ်တွေကို သိသိသာသာ မြင်နေရသည် ။ လက်ပြင်ရိုးက လက်လှုပ်တိုင်း ထင်း လာလေသည် ။

မျက်လုံးက အထက်သို့ ရွှေ့သွားပြန်သည် ။

အဖြူနှောနေသည့် ဆံပင်တွေကို ဝါးဘီး ဝါကြင်ကြင်ဖြင့် ထုံးထား၏။ ဆံထုံးရင်းတွင် ငွေပန်းသုံးပွင့် ပန်ထားသည် ။ မနက်က သူဈေးမသွားမီ ခြံထဲမှ ခူးပေးခဲ့သည့် ငွေပန်းတွေ။ အပင်မှ ခူးခဲ့သည် မှာ မကြာလှသေးသော်လည်း ဆံငွေ့ကြောင့်လားမသိ။

ဆံထုံးရင်း၌ပင် ငွေပန်းပွင့်တွေ ညှိုးငယ်စွာဖြင့် ရှိနေကြသည် ။

***

# အခန်း (၃၄)

ဘယ်ဘက် ပါးပေါ်တွင် တင်ထားသော သနပ်ခါးကို သွားပွတ်တံဖြင့် ပါးကွက်ဖော်လိုက်၏။ မှန်ထဲသို့ လှမ်းကြည့်သည် ။ သနပ်ခါးစက်တချို့၊ စင်ထား၍ အကြည့်ရ မကြည်လင်။ ထို့ကြောင့် အဝတ်တန်းပေါ်ရှိ မျက်နှာသုတ်ပဝါ အဟောင်းကိုယူပြီး မှန်ကိုသုတ်လိုက်၏။ စင်အောင်ပွတ်ပြီး မှန်ကိုထောင်၏။ မျက်နှာသုတ်ပဝါပိုင်းကို တန်းတွင် ပြန်တင်ပြီး ထိုင်လိုက်၏။ မှန်က အနည်းငယ် စိုက်၍ နေ၏။ အထက်ဆင်စနှင့် ရင်ညွန့်အထက်ကိုသာ မြင်သည် ။ မှန်ကို အနည်းငယ် မော့လိုက်၏။ ကိုယ့်မျက်နှာကို စေ့စေ့စပ်စပ် ကြည့်လေသည် ။

မျက်နှာမကျတော့။ သွယ်သောကြောင့် ထင်၏။ ရင်သွေးရှိခါစက နားထင်ရိုးကလေးတွေ ပေါ်နေခဲ့သည် ။ မျက်ကွင်းကညို၍ နိမ့်နေမှန်း သိသာသည် ။ ယခုမှ ပြန်၍ ပြည့်လာ၏။ အပျိုတုန်းကထက် အတော်အသင့် ဖြိုးလာသည် ဟု အောက်မေ့၏။ နှုတ်ခမ်းဆိုးဆေး ဆိုးထားသည် ထက် ပင်ကိုနီမြန်းမြန်း နှုတ်ခမ်းအစုံကို ပြန်လည်ရရှိပေပြီ။ ကြည်လဲ့သော မျက်လုံးက တဖန် ပြန်ရောက်လာ၏။ ပင့်သက်နှင့်အတူ ပြုံးမိသည် ဆိုရုံမျှသာ ပြုံးရင်း အကြည့်လွှဲလိုက်၏။ မျက်ခုံးမွေးတွင် ကပ်နေသည့် သနပ်ခါးတွေကို သွားပွတ်တံဖြင့် သန့်လိုက်၏။ သနပ်ခါး မခြောက်သေး၍ ခုတင်ပေါ်တွင် တင်ထားသည့် ဘော်လီအင်္ကျီကို လှမ်းယူလိုက်သည် ။

ရင်ရှားထဘီပေါ်မှ ထပ်၍ ဝတ်လိုက်၏။ နောက်ကြယ်သီးတွေကို တလုံးပြီးတလုံး တပ်လိုက်သည် ။ အောက်ဆုံး ကြယ်သီးတလုံးကိုမူ မတပ်။ တင်းကျပ်ကျပ် ဖြစ်နေသည် ။ ပြီးမှ ဘော်လီကို လှည့်ကာ ပခုံးကြိုးနှစ်ဖက်လျှိုရင်း ထဘီကိုဆွဲချသည် ။ ထဘီပြင်ဝတ်ပြီးမှ ဘော်လီအင်္ကျီကို နေသားတကျ ပြင်လိုက်၏။ မှန်ထဲသို့ အမှတ်မဲ့ အမြင်ရောက်သွား၏။ သတိပြုမိလေ၏။

သပြေညိုရောင် ပါးကွက်အစက်အဝိုင်းလေးတွေ ပါတကား။

***

"နေကောင်းတယ်နော် မနှင်းဖွေး"

အောင်ငြိမ်း၏ ကွဲကော်ကိုင်းမျက်မှန်အောက်က မျက်လုံးအစုံမှာ တည်ငြိမ်လှ၏။"

"ကောင်းပါတယ်"

သူစိမ်းယောကျ်ားလေး တယောက်ရှေ့တွင် အနေကြို့နေမှန်း ကိုယ့်ကိုယ်ကိုယ် သိသည် ။ တဦးနှင့်တဦး မတွေ့ဆုံမိသော တလနှစ်လအတွင်း မိမိဘက်၌ ပြောင်းလဲလာသည့် ကိုယ်ကာယကြောင့် ဖြစ်ပေလိမ့်မည် ။ ကိုယ့်ကို အကဲခပ်နေမည်လားဟု တွေးမိသည် ။ ကိုယ့်ကိုကြည့်ကာ မည်သို့ ထင်မြင်နေမည်လဲပင် စိတ်နှောင့်သည် ။ အထူးသဖြင့် ကျောထောက်နောက်ခံအဖြစ် တခုရှိဘူးသည် ကို အစွဲပြု၍ ဖြစ်လိမ့်မည်။

"ကျွန်တော် လာလည်မယ် လာလည်မယ်နဲ့ ၊ အခုမှ ပဲ ရောက်ဖြစ်တော့တယ်"

"ဟုတ်တာပေ့ါ၊ကျောင်းကတဖက် အိမ်အလုပ်က တဖက်နဲ့ ဆိုတော့

"

အောင်ငြိမ်းက ပုဏ္ဏားကွယ်စွန်းတွင် မိုရင်း စွေစွေထိုင်လိုက်သည် ။

"အိမ်ဆိုင်က အမေပဲ အားလုံးလိုလို လုပ်နေရတာပါ၊ ကျွန်တော်က ကျောင်းစာမှ ပိနေလို့ ၊ ဒါတောင် တက်ရတာ နှစ်လလား ရှိသေးတာ။ သင်ရတာတွေက ဘာသာရပ် အစိမ်းတွေချည်း မဟုတ်လား"

သူ ခေါင်းညိတ်ပြသည် ။

"နီနီလဲ ကိုအောင်ငြိမ်းလိုပဲ ညည်းတယ်။ စာတွေက အများကြီးတဲ့ ။ ကျူတိုရီရယ်ကလဲ အပတ်တိုင်းဆို။ အဓိက ဘာသာထက် သာမန်ဘာသာတွေက ပိုပြီး များ လဲများ ခက်လဲခက်တယ်တဲ့ ။ သူတောင် ရောက်မလာတာ လေးငါးရက်ရှိပြီ"

"ကျွန်တော်နဲ့ လဲ ကျောင်းမှာ မ ဆုံတာ အတော်ကြာပြီ"

ကျောင်းအကြောင်းတွေ စကားစမိတော့ ကျောင်းသူ ဘဝကို အောက်မေ့ပြန်သည် ။ စိတ်ကူးခဲ့သည် ။ ကိုယ်သည် နှစ်အောင်လျှင် မောင်နှင့်အတူ တက္ကသိုလ်မှာ ဆုံနိုင်သည် ။ မောင်ကသည် နှစ်တွင် နောက်ဆုံးနှစ်။ တနှစ်တော့ တက္ကသိုလ်တွင် အတူတကွ စာသင်နိုင်သည် ။ အတူသွားနိုင်သည် ။ အတူစားနိုင်သည် ။ ပို၍ နီးနီးကပ်ကပ် နေရမည်။ မောင့်ကို ချစ်သောအားဖြင့် မောင်ယူထားသော ရူပဗေဒ အဓိကဘာသာကိုပင် ယူမည်ဟု မှန်းခဲ့၏။ အောင်ခဲ့သော်၊ မိမိယူမည့် ဘာသာရပ်ကို နီနီကို ပြောခဲ့သည် ။ နီနီက သူတော့ ရက္ခဗေဒ အဓိကဘာသာဖြင့် လျှောက်မည်ဟု ဆိုသည် ။

ထိုစကားကိုပြောစဉ်က သူတို့ အပါးတွင် အောင်ငြိမ်း ရှိနေသည် ။ သူလျှောက်လိုသော ရူပဗေဒ  အဓိက စကားလုံးတို့ ကို အောင်ငြိမ်း သ

ဘောပေါက်သွားဟန် တူသည် ။ ပြုံးစေ့စေ့ဖြင့် ကြည့်ရင်း ကျွန်တော် တော့ ဥပဒေရအောင် ကြိုးစားမှာ ပဲဟု ပြောသည် ။ အောင်ငြိမ်းနှင့် နီနီ တို့ က သူတို့ ရည် ရွယ်ရင်းနှင့် ပြည့်စုံသွားကြပြီ။ ပညာရေး တပိုင်းကျိုး ခဲ့သည် မျှမက ဘဝအဆင်အသွေးပင် ပြောင်းခဲ့ရသည့် ကိုယ့်ဘဝကိုယ် ယူကျုံးမရ ဖြစ်မိသည် ။ ထိုအခါ ဩွေသည် ကို ရှေ့ထားကာ အရုပ်သဖွ ယ် နေမိလေ၏။ မည်မျှ ကြာသွားသည် မမှတ်မိတော့။

"ဦးလေးကော"

မေးသံကြောင့် အတွေးတွေ လွင့်သွား၏။

"စာအုပ်အဟောင်းဆိုင် သွားမယ်ဆိုပြီး စောစောက ထွက်သွားတာပဲ"

အောင်ငြိမ်းက ပြုံး၍ ပြောလေသည် ။

"ဦးလေးက စာတွေ ဒီလောက် အရမ်းဖတ်တာတောင် မျက်လုံး ကောင်းတာ အံ့ရော"

"ဒါပေမဲ့ သွားတွေကျတော့ မကောင်းဘူး။ အံသွားတွေဆို တချောင်း မှ မရှိတော့တာ"

"မထူးပါဘူး၊ ကျွန်တော့်အမေလဲ ဒီလိုပဲ။ အမေက တခုပိုတယ်လေ။ နားက တော်ရုံပြောရုံနဲ့ မကြားတော့ဘူး။ ဒီနှစ်ကျမှ မနှစ်ကထက် ပိုဆိုး လာတယ်"

ဆက်စရာ စကားက ပြတ်သွားသည် ။ ကျောင်းနေဘက် သူငယ်ချင်း ချင်း စကားပြောနေကြပုံနှင့် မတူ။ ရင်းနှီးသော ဩွေသည် နှင့် အိမ်ရှင် တို့ ၏ စကားဝိုင်းမျိုး မဟုတ်သည့်အတိုင်း စကားသံတွေက ဖွယ်နေ၏။ တဦး၏ စကားကို တဦးက မနည်းကြိုးပမ်းကာ ဆက်ပြုနေရ သည် နှင့် မခြား။ သူသိသကဲ့သို့ အောင်ငြိမ်းလည်း သိရှိပေမည်။ ပတ်သက်ရာ ပ

တ်သက်ကြောင်း စကားတွေဟု ခံစားရသည် ။ အောင်ငြိမ်းတွင် လည်း ထိုသို့ရှိပေမည်။ ညွှန့်သည် ၏ နှုတ်ခမ်းတွင် ပေါ့ပါးလွတ်လပ်မှု မရှိသည် ကို သူတွက်ဆ၍ ရ၏။ စကားအစွန်းငြိမည် စိုးရိမ်သူ၏ မျက်နှာကို တချက် လှမ်းကြည့်သည် ။ အမည်တလုံးအကြောင်း တခုကို ယောင်မှားပြောမိမည် စိုးဟန်ရှိ၏။

"ကျွန်မတို့ အသက်ကြီးလာရင်လဲ အဲသလိုပဲ နေမယ်ထင်တယ်"

အောင်ငြိမ်းက သူ့ကိုကြည့်သည် ။ နှုတ်ခမ်းစေ့၍ ပြုံး၏။ "ဒါပေါ့ မနှင်းဖွေးရယ်၊ ဟိုတချိန်ကျ ဟိုတချိန်ပေါ့၊ ဒါပေမဲ့ . . .ခုကနေလှမ်းပြီး အိုရ နာရမှာ ကို စိတ်မမောချင်သေးဘူး။ ဒီလိုပြောလို့ မနှင်းဖွေးကို စိတ်မောနေတယ်လို့ ကျွန်တော် ပြောတာ မဟုတ်ဘူး "

သူ ရယ်လိုက်၏။ ထို့နောက် ခေါင်းခါပြကာ -

"အော် . . . ကိုအောင်ငြိမ်းရယ် . . ."

"ဘာဖြစ်လို့ လဲ မနှင်းဖွေး"

"စကားပြောတာတွေ အချိန်အဆတွေ ဖွင့်ဆိုချက်တွေနဲ့ မို့ သဘောကျလို့ ပါ"

အောင်ငြိမ်း၏ ရယ်သံထွက်ပေါ်လာသည် ။ ရယ်လိုက်သော အခါ မေးရိုးတွေက ပို၍ ကားလာ၏။ လေးနက် တည်ငြိမ်သော လူကြီးတဦး သဖွယ်ပြောင်းလဲနေသည် ဟု ထင်၏။ ကိုယ့်ကိုယ် ကိုယ် သိမ်ငယ်နေဟန်တွေ၊ အားနည်းနေသော အမူအရာတွေ မတွေ့ရ။ လေယူလေသိမ်းသည် မှု ယခင်ကနှယ် ပျော့ပျောင်းစွာ။

"ရှေ့နေ ရှေ့ရပ်ဖြစ်ချင်တဲ့ ကောင် မဟုတ်လား၊ နဲနဲတော့ လျှာရှည်မိပြီနဲ့ တူတယ်။ ဒီလိုပေါ့ဗျာ။ စကားပြောရဆိုရတဲ့ အခါ တဖက်သား အ

ထင်မမှားအောင် သတိထားရတယ်လေ။ ကိုယ့်စကားတခွန်းကြောင့် တဖက်လူမှာ စိတ်ကသိကအောင့် ဖြစ်ရမယ်ဆိုရင် မကောင်းဘူးလေ၊ ဒါကြောင့်ပါ"

စကားရိပ်စကားခြည်ကို သဘောပေါက်သည် ။ သို့သော် အဓိပ္ပာယ်က နှစ်ခွ။ ဝင်းဇင်ဟူသော အမည်နှင့် စပ်ဆိုင်သမျှကို ရည်ညွှန်းရာလည်း ဖြစ်နိုင်၏။ ဝင်းဇင်၏ မေတ္တာကို လက်ခံခဲ့ခြင်းနှင့် သူ့မေတ္တာကို ငြင်းဆိုခဲ့ခြင်းတို့ ကို ရည်ညွှန်းရာလည်း ဖြစ်နိုင်၏။ ဒုတိယအဓိပ္ပာယ်သို့ စိတ်နွယ်မိ၍ မျက်နှာပူသည် ။

"သူငယ်ချင်းတွေလဲ ကိုအောင်ငြိမ်းရယ်၊ အမှတ်ထားစရာ လူတွေမှ မဟုတ်တာ"

ချစ်စကား ဆိုခဲ့ဘူးသော လူတယောက် အဖြစ် ငြိုငြင်ထားမည်မဟုတ်ပါဟု နားလည်ကောင်း နားလည်လိမ့်မည်။ မတုံ့ပြန်နိုင်သည့်အတွက် ကျွန်မကို သညာမထားပါနှင့်ဟု နားလည်လျှင်လည်း နားလည်သွားလိမ့်မည်။ ကျန်ရစ်ခဲ့သည် တို့ ကို မေ့ဖျောက်ပစ်ရအောင်ဟု နားလည်ကနားလည်လိမ့်မည်။ သူငယ်ချင်းစိတ်ဖြင့် နေမြဲပြောမြဲနေပါ ပြောပါဟု နားလည်ချင် နားလည်လိမ့်မည်။ အဘယ်သို့ပင် နားလည် နားလည်၊ အောင်ငြိမ်း၏ ရင်ထဲရှိ အရုပ်အထွေးတို့ အထိုက်အလျောက် ပြေသွားချိန်မည် ထင်သည် ။ ထင်သည့်အတိုင်း ဖြစ်နိုင်ချေရှိသည် ။ သူ့စကား အဆုံးတွင် အောင်ငြိမ်း ငြိမ်လျက်သားနှင့်။ အိမ်ရှေ့သို့ မျက်နှာမူထားသည် ။ ထို့နောက် မျက်နှာလှည့် မလာသော်လည်း . . .

"ဝမ်းသာပါတယ် မနှင်းဖွေး။ ဒီစကားကြားရလို့ ကျွန်တော်အများကြီး ဝမ်းသာပါတယ်။ ကျွန်တော်တို့ ဟာ တယောက်ကိုတယောက် သိပ်ခင်ကြတဲ့ သူငယ်ချင်းတွေပဲဗျာ။ ကျောင်းတုန်းကလို

ပဲ တယောက်ကိုတယောက် ကူညီ နားလည်နေကြနေရမှာ ပေ့ါ။ ဒါပေမဲ့ . . . မနှင်းဖွေး"

တန့်သွား၏။ မနှင်းဖွေး၏ စကားတချက် ထောက်လိုက်သံတွင် ပင်ကိုစိတ်နေ စိတ်ထားကို သူမှတ်မိသည် ။

"ပြောပါ ကိုအောင်ငြိမ်း"

ချက်ချင်း မပြောဖြစ်သေး။

"ကျွန်တော် တခုလောက် တောင်းဆိုပါရစေဗျာ"

မနှင်းဖွေးက အံ့အားတသင့် ကြည့်လိုက်သည် ။ ထိုအချိန်တွင် အောင်ငြိမ်း၏ မျက်လုံးအစုံက သူ့ထံမှ ခွာသွားသည် ။

"ဘာကိုလဲ . . .ဟင်"

အောင်ငြိမ်းက ခေါင်းကိုတချက်မော့ကာ . . .

"တခြားတော့ မဟုတ်ပါဘူး။ သူငယ်ချင်းတွေ ဆိုပေမယ့် တခါတလေတော့ စိတ်ခုတတ်တာတို့ ဘာတို့ ရှိတာပေ့ါဗျာ။ ဒါကလဲ လူတွေပဲဗျာ။ စိတ်နဲ့ ချည်းပေ့ါ။ ရှေးတုန်းက ဘုရင်တွေရှေ့ဆို စကားတခွန်းမှားလို့ သတ်စေ အမိန့်ချခံရတာတွေ ဘာတွေရှိတယ် မဟုတ်လား။ ဒါပေမဲ့လဲ သက်တော်ရှည်ဘွဲ့ရထားတဲ့ သက်တော်ရှည် အမတ်ကြီးဆိုတာတော့ ရှိတယ်မဟုတ်လား။ သူ့ကျတော့ ရာဇမာန် ဘယ်လောက်ရှရှ အလွန်ဆုံးမှ မဲဇာ ပို့ရုံပဲလေ။ ဒီလိုပါပဲ။ လူဆိုတာ မှားတတ်တာကိုး။ တကယ်လို့ ကျွန်တော်များ အမှားပြုမိမယ်၊ မနှင်းဖွေး မျက်လောက်တဲ့ စကားမျိုး ပြောမိမယ် ဆိုရင် တချက်ထဲသာ သတ်စေ အမိန့်နဲ့ မစီရင်စေချင်ဘူးလေ။ မဲဇာလောက်တော့ ကျွန်တော် ခံနိုင်ပါတယ်"

စကားဆုံးသည် တွင် နှစ်ဦးစလုံးတိတ်နေကြသည် ။ မနှင်းဖွေး၏ နှု

တ်ခမ်းအလှူပ်ကို သူ စောင့်နေသည် ။ သို့သော် မနှင်းဖွေးမှာ တွေနေ၏။ စကားဆန်းတွေပါတကားဟု နားမလည်နိုင်စွာ တွေးသည် ။

"ဘာကိုပြောတာလဲ ကိုအောင်ငြိမ်း၊ ကျွန်မ သိပ် . . ."

"အော် . . .ဒီလိုပါ။ တချို့ သူငယ်ချင်းတွေမှာ ဖြစ်တတ်တယ် မဟုတ်လား၊ ပြောမှား ဆိုမှား တချက်ဖြစ်တာနဲ့ ။ သဘောထားပေါ့ဗျာ။ ငါ့ကို ဘယ်လို သဘောထားလို့ လဲ ဘာပဲနဲ့ သေခန်း ရှင်ခန်း ပြတ်တဲ့ အထိ ဖြစ်ကုန်ကြရော။ ဒါမျိုး ကျွန်တော် မဖြစ်ချင်ဘူးဗျာ။ ဒီသဘောနဲ့ ပြောတာပါ"

မနှင်းဖွေးက ခေါင်းကို တဆတ်ဆတ် ညိတ်ပြလိုက်သည် ။ ဘယ်အရာ ဘယ်အခါ ဘယ်စကားမျိုး မှားပါက ထိုသို့ ပြုပါဟု ဆိုပါလိမ့်။ တင်ကြို မမှန်းမဆသာ။

***

မြင်ခွာရွက်သုပ် ပန်းကန်ကို ရှေ့တိုးပြီး လက်ဖက်ရည်ကြမ်းငှဲ့နေသော ဒေါ်မြနွယ်ကို ပြောနေသည် ။

"အဒေါ်ကလဲ သက်သက် ဒုက္ခရှာလို့ "

မနှင်းဖွေးက အောင်ငြိမ်းကို လှမ်းကြည့်သည် ။ သူရောက် လာပြီး မကြာမီ၊ အမေက လမ်းထိပ်သို့ ထွက်သွားသည် ။ ညှော့ဝတ်ပြုစရာ စားဖွယ်တခုခု သွားဝယ်ခြင်းဟု မနှင်းဖွေးသိ သည် ။ အမေပြန်လာသောအခါ အောင်ငြိမ်းက အမေ့လက်သို့ ကြည့်သည် ။ အထုပ်နှစ်ထုပ်တွေ့သည်နှင့် သူ့အတွက် သွားဝယ်ခြင်းဟု သိဟန်တူသည် ။ အဒေါ်ကျွန်တော် စားဘို့ သွားဝယ်တာထင်တယ်ဟု အားနာစွာညည်းသည် ။

"ဂျင်းသုပ်က ကုန်နေလို့ ဒါပဲဝယ်ခဲ့ရတယ်၊ ကြိုက်မှ ကြိုက်ရဲ့ လား မသိဘူး"

အကြမ်းပန်းကန်လုံးကို အောင်ငြိမ်းရှေ့တွင် ချပေးရင်းနှင့် ဒေါ်မြနွယ်ပြောသည် ။ အောင်ငြိမ်းက ပြုံး၍ "စားပါတယ် အဒေါ်တို့ လဲစားလေ " ဟု ပြောကာ ဆင်းထားသည့် ခြေကို ရုပ်၍ အပေါ်ဆင့်သို့တင်၏။ တင်ပလ္လင်ထိုင်သော်လည်း ကိုယ်ကိုယို့လို့ ထားသည် ။

"လာလည်ဖော်ရတဲ့ အတွက် ဝမ်းသာပါတယ်ကွယ်"

အမေက စက်ခုံဘေးတွင် ထိုင်ကာ ပြောလိုက်သည် ။ သမီးဖြစ်သူ၏ သူငယ်ချင်းတွေ အဝင် အထွက် နည်းသွားမည် စိုးရိမ်ဟန်တူသည် ။ အောင်ငြိမ်းက ပြုံး၍ သာနေ၏။

"မင်းသူငယ်ချင်းက ခုမှ ထူထူထောင်ထောင် ဖြစ်လာတာ။ တလောကဆို စိုးတောင်စိုးရိမ် ရတယ်ကွယ်"

အမေရယ် မပြောပါနဲ့ ဟု ဖွင့်ဟထားလိုက်ချင်သည် ။ အမေ့အပြောကြောင့် ရှက်ရွံ့မိသည် ။ တခု ဖြစ်နိုင်သည် ။ အောင်ငြိမ်းနှင့် သူ့အနေအထားကို အမေမသိခဲ့။ အောင်ငြိမ်းက နီနီမှ တဆင့် ပေးခဲ့သော စာအကြောင်းကို အမေ့အား အသိမပေးခဲ့။ မည်သည့် သဘောဖြင့်မှ မပြောခဲ့သည် တော့ မဟုတ်။ စာဖတ်ပြီး စာကို ဆုတ်မပစ်ခဲ့။ သိမ်းမထားခဲ့။ နီနီမှ တဆင့် ပြန်ပေးရင်း မောင်နှမတွေလိုပဲ ခင်ပါရစေလို့ ပြောလိုက်ပါဟု စကားတခွန်း ပါးခဲ့သည် ။ ထိုစဉ်က အမေ့ကို ပြောပြဖြစ်ခဲ့လျှင် ယခုလို ပြောလိမ့်မည်မဟုတ်။

"ကျွန်တော် နားလည်ပါတယ် အဒေါ်ရယ်။ ကျွန်တော်မှာ ကမွေးချင်းရယ်လို့ ရှိတာမှ မဟုတ်ဘဲ။ မနှင်းဖွေးက ကျွန်တော်နှမအရင်းလို့ ပြောလို့ ရပါတယ်။ ကျွန်တော် စာနာပါတယ်"

လေသံအနည်းငယ် ဆတ်နေ၏။ အမေက နာကျင်စွာပြုံးသည် ။

"သတ္တုချလိုက်တော့လဲ အဒေါ်တို့ ရဲ့ ရှေးဘဝကအကြောင်းလို့ ပဲ ဆို ရမှာ ပေ့ါကွယ်၊ မဟုတ်ဘူး လား"

အောင်ငြိမ်းက ခေါင်းမညိတ်မခါ။

"စိတ်သက်သာရာ သက်သာကြောင်းအနေနဲ့ ကတော့ ဒီလိုတွေးလဲ ဖြစ်တာပေ့ါ၊ ဒါပေမဲ့လဲ . . . လူစိတ်မရှိတဲ့ လူတချို့ကြောင့် ဖြစ်ရတာပါ၊ ကျွန်တော် ဒီကိစ္စကို စ သိကတည်းက တော်တော် စိတ်မကောင်းဖြစ်ရ တာ အမှန်ပါ၊ ခက်တာက ကျွန်တော်သာ မနှင်းဖွေးရဲ့ သူငယ်ချင်း မိန်း ကလေး တယောက်ဆိုရင် ပြောရဆိုရ ကောင်းမယ်လေ၊ အမေပြောပြ တာလောက်နဲ့ ပဲ ကျွန်တော် သိရတာကိုး။ မေးချင်တယ်၊ အမေးခက်တ ယ်၊ ပြီးတော့ . . .ကျွန်တော့်အပေါ်မှာ နားလည်မှုလွဲမှာ လဲ စိုးတယ်လေ"

ဝင်းဇင်နှင့် စပ်လျဉ်းရာတွေကို စောစောတုန်းက ရှောင်ရှားပြောဆို ခဲ့သည် ။ ယခုတွင် အတိ အလင်းပြောဆိုခြင်း ပြုချေပြီ။ အမေရောက် လာသောကြောင့် ထိုအကြောင်းတွေကို အပြောရအဆိုရ တင့်တယ်သ ည် ဟု အောင်ငြိမ်း ယူဆပုံတူလေ၏။ ထိုစကားဦးကို တည်မိသည် နှင့် အချိန်တွင် သူ့မျက်နှာ အနေမတတ်။ အရှက်ဖြန်းလာခြင်းကို အောင်ငြိမ်း ရိပ်မိနိုင်ပေမည်။ သူ ခေါင်းငုံ့လိုက်သည် ကို ဒေါ်မြနွယ် လှ မ်းကြည့်သည် ။ အောင်ငြိမ်းက မှန်ဗီရိုဘက်သို့ ငေးကြည့်နေ၏။ ဒေါ်မြ နွယ်၏ မျက်နှာရိပ်မျက်နှာကို အောင်ငြိမ်းက မကြည့်လျက်သိပြီး ဖြစ် နေ၏။

"အဒေါ်တို့ က တဖက်သားကို အတတ်နိုင်ဆုံး နားလည်အောင် ကြိုး စားပါတယ်၊ ခုဟာက တဘဝလုံးအတွက် အကြီးအကျယ်ဆုံး သင်ခန်း စာပဲ မောင်အောင်ငြိမ်း၊ ရှက်စရာလဲရှက်စရာ၊ နာစရာလဲ နာစရာပဲကွ

ယ်။ ရှေ့အဝေးကြီးကို လှမ်းတွေးရင်း အသက်ရှူရတာတောင် ခက်ပါတယ်"

ဖုံးကွယ်ထားစရာမလိုသော အကြောင်းတခု။ အများ သိသတင်းတပုဒ်သဖွယ် အမေက ပြောပြလေသည် ။ အောင်ငြိမ်းက နှုတ်ခမ်းတင်းတင်းထားကာ နားထောင်နေသည် ။

"မောင်ဝင်းဇင်ဟာ အဒေါ်တို့ သား၊ မနှင်းဖွေးက သူတို့ ရဲ့ သမီးဆိုရင် အဒေါ်တို့ သူတို့လို ဘယ်လိုမှ မရက်စက်ဘူး၊ ကျိန်တွယ်ပြောရဲပါတယ်၊ ခုတော့ကွယ် . .. လူတယောက် မိန်းကလေးတယောက် ဆိုတာကို မသိသလို။ ခွေးတကောင် ကြောင်တမြီးလောက် သဘောထားတာမို့ ပိုပြီး ခံပြင်းတယ်၊ အေးပေ့ါလေ . . ."

စကားဖြတ်ပြီး သက်ပြင်းရှည်ချလိုက်သော အမေ့ကို ခေါင်းငဲ့၍ ကြည့်သည် ။ အမေ့မျက်လုံး အစုံမှာ လဲ့နေ၏။ မျက်ရည်ဝေ့လာဟန် တူလေသည် ။ ကိုယ့်အတွက်နှင့် အမေခံစားရသည် ကို မမြင်လို။ ကိုယ့်ကြောင့် အမိအဖ၌ အရှက်မျက်ရည် ကျရသည့်အတွက် နာကြည်းကြေကွဲသည် ။ အမေ ဆက်ပြီး ပြောမည့် စကားကို နားစွင့်သည် ။ အမေ့ကို ကြည့်နေသည့် အောင်ငြိမ်နဖူးတွင် သုံးလေးတွန့် တွန့်လျက်ရှိ၏။ အတန်မျှ ကြာမြင့်လာခဲ့သည် ။ အမေ စကားပြန်ဆက်မလာ။ တအိမ်လုံး တိတ်၍ နေ၏။ ချည်ခင်တခင် ကျသံကိုပင် ကြားစေနိုင်လောက်၏။ ကွမ်းတယာညက်ခန့် အကြာတွင် မှ -

"အခုတော့ အားလုံးကို ပြန်ပြီး စဉ်းစားကြည့်တယ်၊ မောင်ဝင်းဇင်သဘော်နဲ့ လိုက်သွား တယ်ဆိုတာကိုလဲ မယုံဘူး။ သူတို့ စာထည့်ထားတယ် ဆိုတာလဲ မယုံဘူး၊ မောင်ဝင်းဇင်က ဒီနှစ် နောက်ဆုံးနှစ် ဆက်တက်ရအုံးမယ့် ကျောင်းသား၊ ကျောင်းထွက်ပြီး ချက်ချင်း ထလိုက်သွားမှ

သဘော်သားအလုပ် ရမယ်ဆိုတာလဲ မယုံဘူး။ ဘယ်အချိန် ဘယ်အခါမဆို ဒီအလုပ်ကို သူတို့ လုပ်ခိုင်းလို့ ရတဲ့ အဆင့်၊ သူတို့ အရှိန်အဝါ၊ သူတို့ အနေအထားနဲ့ က ဒီနှစ် ကျောင်းထွက်ပြီး ဒီနှစ်မှ မလုပ်ရင် တသက်လုံး အလုပ်မရနိုင်တဲ့ ဟာမျိုး မဟုတ်ဘူး ၊ အဒေါ်တို့ ကို လိမ်နေတာ၊ အဒေါ်တို့ အလိမ်ခံရတာ"

ပြောနေကျထက် အသံမာလာသည် ။ ထိန်းချုပ်ထားသည့်တိုင် ဒေါသကို မြင်သာလေသည် ။

စကားတဝက်တွင် အသံက အတန်ငယ် မြင့်လာသည် ။ ရင်ဘတ်ကို ခပ်ဆတ်ဆတ်ထောက်ကာ လှုပ်ရှားလိုက်သော ဒေါ်မြနွယ်၏ လက်ချောင်းတွေသို့ အောင်ငြိမ်း ကြည့်နေ၏။ မနှင်းဖွေး၏ မျက်လုံးအစုံတို့ မှာ ဝိုင်းစက်လာသည် ။ စိတ်လှုပ်ရှားဖွယ် စကားတွေက နားထဲသို့ ကုတ်ခြစ်ထိုးဝင် လာချေ၏။ ဖွင့်၍ သာ မဆိုခဲ့ဘူးသည် ။ သံသယချင်း အမေနှင့် တူခဲ့ချေ၏။

"ကိုယ့်ဘက်မှာ စိတ်ဓာတ်ကျစရာတွေ ထပ်တွေးမိရင် ထပ်ပြီး ရှုံးသထက် ရှုံးတာမျိုးပဲ ဖြစ်မယ်အဒေါ်၊ ဒါ . . . ကျွန်တော် အတွေးပါ၊ စိတ်ငယ်လေလေ အရှုံးပေါ်လေလေလို့ ထင်တယ်"

မနှင်းဖွေးက အောင်ငြိမ်းကို လှမ်းကြည့်ကာ ခေါင်းညိတ်သည် ။ အောင်ငြိမ်းက မနှင်းဖွေးတို့ သားအမိကို တပြုံးပြုံးပြုရင်း -

"ဦးလေး အနေအထားကို ကျွန်တော် သိပ်သဘောကျတယ်၊ ဟိုအရင်ကအတိုင်း ဘာတခုမှ မပြောင်းလဲဘူး၊ ရှာကိစ္စရပ်ကိစ္စမှာ လဲ အရင်ကလို ပါပါဝင်ဝင်ပဲ၊ သာရေးနာရေး ကိစ္စဆိုလဲ သွားသွားလာလာပဲ၊ မှန်တယ် . .. ဒီအတိုင်းပဲ ဖြစ်ရမယ်၊ ကိုယ်က လူ့ကျင့်ဝတ်တွေ ဖောက်ဖျက်ခဲ့သူဆိုရင် ကိုယ့်အမှားပေ့ါ၊ ခုဟာက ကိုယ်ကမှ လောကကို သစ္စာမဖော

က်တာ၊ ရင်ဆိုင်ရဲရမှာ ပဲ၊ ဘာမှ မှူစရာမလိုပါဘူး"

မနှင်းဖွေးက အောင်ငြိမ်းကို ငေး၍ ကြည့်နေသည် ။ အပြောအဆိုမှ အစ အရာရာ ပြောင်းလဲ နေသူကို ပို၍ အံ့အားသင့်စွာ မြင်နေ၏။ အမေသည် အိမ်ရှေ့သို့ မျက်နှာမူထားသည် ။ အောင်ငြိမ်း၏ စကားတွေကို အတွေးဖြင့် ကြည့်နေဟန် ရှိလေသည် ။

"မောင်ဝင်းဇင်ကို ကျောင်းမှာ မတွေ့မိဘူးလား"

အံ့ဖွယ်မေးခွန်း။ မနှင်းဖွေး၏ မျက်တောင်အခတ်က ခေတ္တရပ်သွားသည် ။ အောင်ငြိမ်း မဖြေသေး။ ရှပ်အင်္ကျီလက်ကို ခေါက်၍ တင်ရင်း တစုံတရာ စဉ်းစားနေသော လက္ခဏာဖြင့်ရှိ၏။ ခေါင်းကို အသာယမ်းပြလေသည် ။ စကားဝိုင်းသည် ပြန်လည် ငြိမ်သက်သွားချေ၏။ တယောက်၏ အတွေးနှင့် အတွေးချင်းပင် ထိခတ်ရုန်းကန်နေကြမည် ထင်၏။

ငုံ့ထားသော ပန်းကန်လုံးထဲရှိ လက်ဖက်ရည်ကြမ်းတွင် အငွေ့သေနေပေပြီ။

***

# အခန်း (၃၃)

ပိတ်စကို စားပွဲပေါ်တွင် ဖြန့်ခင်းလိုက်သည် ။

ပခုံးပေါ်တွင် တင်ထားသည့် ပေကြိုးကို ဆွဲယူလိုက်သည် ။ ပိတ်စအပေါ်တွင် ပေကြိုးကို ဖြန့်၍ တိုင်းသည် ။ မျက်မှောင်ကြုတ်ကာ တဖက်ကို တိုင်းကြည့်၏။ အင်္ကျီလာအပ်သူ လူငယ်က "ကိုက်ပြည့်ရဲ့ လား၊ ဦးလေး"ဟု ကုလားထိုင်တွင် ထိုင်ရင်းမေး၏။ ဦးစိန်လှိုင်က "တလက်မခွဲလောက် လိုနေတယ်။ ရပါတယ်လေ" ဟု ဖြေသည် ။ ပိတ်စကို သုံးလေးထပ် ပြန်ခေါက်ရင်း "အတိုင်းယူရအောင်"ဟု ပြောသည် ။ လူငယ်က ထိုင်ရာမှ ထပြီး သူ့ရှေ့သို့ လာရပ်၏။ ထိုအချိန်တွင် အမေ့ကို သူလှမ်းကြည့်သည် ။ ချုပ်လက်စ မပြတ်သေးသောကြောင့် "သမီးရေ မှတ်လိုက်စမ်းပါ"ဟု ပြောသည် ။ မနှင်းဖွေးက လက်ချုပ်ခုံပေါ်သို့ မိန်းမဝတ် အင်္ကျီကို တင်သည် ။ ခြေရင်းဘက် စက်ခုံရှိရာသို့ ထလာသည် ။ ချုပ်ပြီးသား လုံချည်တွေပေါ်ရှိ ပြေစာစာအုပ်ကို ယူသည် ။ စက်ခုံတွင် ဝင်ထိုင်ကာ စာအုပ်ဖွင့်သည် ။ လပ်နေသော စာရွက်ကိုလှန်ကာ လက်ခံနှင့် ဖြတ်ပိုင်းကြားတွင် မင်ခံစက္ကူထည့်သည် ။ ထို့နောက် စက်အံဆွဲကို ဆွဲဖွင့်သည် ။ တဝက်သာသာ ရှိတော့သော ခဲတံကို ယူသည် အဖေ့သံကို စတင်ကြားရသည် ။

"ဆယ့်ရှစ်၊ သုံးဆယ့်တ၊ ကိုး၊ သုံးဆယ့်လေး"

မင်ခံစက္ကူထည့်နေချိန်တွင် အဖေက ကုပ်၊ ကိုယ်ရှည်၊ လက်ဖျားနှင့် ကိုယ်တို့ ကို တိုင်းပြီးပြီ။ သူ လိုက်ရေးမှတ်ပြီးသောအခါ လည်ပင်းကို တိုင်းနေပြီ။ မှတ်သူက အမီမလိုက်နိုင်လျှင်သာ ရှိမည်။ အဖေက မှတ်ပြီးသား။ တခါတရံ အားလုံးတိုင်းပြီးမှ သူရေးသည် ။

"ဆယ့်လေး၊ နှစ်ဆယ့်ခွန်၊ ခင်ဗျားပိတ်စက နဲနဲလိုနေတာ ရအောင် ကြည့်ချုပ်မယ်လေ"

ပြောရင်းနှင့် ပြက္ခဒိန်ကို ကြည့်သည် ။

"ဒီနေ့ ဆယ်ရက်ဆိုတော့ ဆယ့်ငါးရက်နေ့ညနေ လာယူပေါ့"

အဖေချိန်းသည့် နေ့စွဲအတိုင်း ပြေစာ ရှိရမည့်နေ့ကို ထည့်သည် ။ ပြေစာကို မဖြတ်သေး။ စရန်ပေးမည် မပေးမည် မသိရ။

"အဲဒီနေ့ကျမှ ပဲ အပြေပေးတော့မယ်"

လူငယ်၏ စကားဆုံးသည် တွင် စရန် ကျပ်ပြားကွက်ကို မျဉ်းတိုနှစ်ချက်ခြစ်ပြီး သင့်ငွေကို ရေးသည် ။ ထို့နောက် ပြေစာကို ဖြတ်သည် ။ အဖေ့ထံသို့ ကမ်းလိုက်၏။ အဖေက လူငယ်အား ပြေစာ စာရွက်ကို ပေး၍ "ရပါတယ်၊ တခြားလူတွေမှ မဟုတ်တာ"ဟု ပြုံးကာ ပြော၏။ အင်္ကျီအပ်သူက ပြန်လည်ပြုံးကာ "ကျေးဇူးပဲ၊ ကျွန်တော်သွားမယ်"ဟု နှုတ်ဆက်သည် ။ ကိုယ်ကို လှည့်လိုက်ရင်း မနှင်းဖွေးကို စွေကနဲကြည့်သည် ။ စူးစမ်းသော အကြည့်ဟု ခံစားရသည် ။ မျက်လုံးချင်း ဆုံဆုံချင်း မနှင်းဖွေးက မျက်လွှာချသည် ။ ပြီးမှ ကိုယ့်ကိုယ်ကိုယ် စိတ်တိုမိ၏။ သည် မျှကားလိပ်ပြာမငယ်အပ်ဟု တွေးမိသည် ။ ကိုယ့်အကြောင်း ကိုယ့်သတင်းကို တိုင်းကားပြည်ရွာအနှံ့ သိရှိနေကြပြီဟု တုန်လှုပ်လှသည် ဟု အပြစ်တင်မိသည် ။ သိနေကြသော အကြောင်းတရပ်အတွက် မသိကြနှင့်ဟု တားမရ။ ကိုယ့်ကို မမြင်ကြနှင့်ဟု ဆိုမရ။ ကိုယ့်ကို မကြည့်ကြနှင့်ဟု ပိတ်ပ

င်မရ။ သိကြ မြင်ကြ ကြည့်ကြသည် ကို ထပ်မံထိတ်လန့်နေခြင်းဖြင့် အကျိုးမထူးဟု သိလျက်နှင့် -

"မမြန္မယ်၊ မင်း ထမင်း မဆာသေးဘူးလား"

အဖေက အမေ့ကို အဖော်ညှိသည် ။ နေဝင်သွားလေပြီ။ တနေ့လုံး လှုပ်ရှားနေသူအဖို့ ဆာပေလိမ့်မည်။ ထို့ပြင် အဖေသည် မနက်ထမင်း ညထမင်းကိုသာ မက်သည် ။ မုန့်ပဲသရေစာ အစားနည်းသည် ။ ရေနွေးကြမ်းကမူ တအိုးပြီးတအိုး။

"ရှင်ဆာရင်လဲ အတူတူ စားကြတာပေ့ါ"

စက်ခေါင်းဘီးကို လက်ဖဝါးဖြင့်ပွတ်ပြီး အရှိန်သတ်သည် ။ စားပွဲပေါ်ရှိ ပိတ်စကို သမီးဖြစ်သူ အား လှမ်းပေးကာ "ဗီရိုထဲ ထည့်ထားလိုက် "ဟု ပြောသည် ။

"စားမယ်ကွာ။ စားပြီးမှ ပဲ ချုပ်စရာရှိတာတွေ ချုပ်တော့မယ်"

မနှင်းဖွေးက စက်ခုံမှ ခွာကာ "ဒါဖြင့် ခဏနေအုံးလေ အဖေ။ ဟင်းချိုအိုး နွေးလိုက်အုံးမယ်"ဟု ပြောသည် ။

***

ဖတ်စကတည်းက စိတ်မကောင်းဖြစ်ရသည် ။ မဖတ်မီက အထင်တမျိုး၊ ထိုစာမျိုးကို အောင်ငြိမ်း ရေးလိမ့်မည်ဟု မတွက်ခဲ့။ ညနေက ထမင်းဝိုင်းအတွက် ပြင်ဆင်နေစဉ် နီနီရောက်လာသည် ။ ရောက်ရောက်ချင်း ကိုအောင်ငြိမ်းက စာရေးလိုက်လို့ လာပေးတာဟု

ပြော၏။ ဘာရေးထားလဲဟင်ဟု သူမေးသည် ။ ဘာရေးထားလဲမသိဘူး ဟု နီနီဖြေသည် ။ ထုတ်ပေးသော စာမှာ စာအိတ်ဖြင့်။ အားပေးစကား တွေ ရေးထားတာနဲ့ တူပါတယ်။ ဟိုတလောတုန်းက ကိုယ်တို့ ဆီ စပြီး လာလည်တယ်။ ဒီနောက်လဲ သုံးလေးခေါက် ရောက်လာသေးတယ်။ လာတိုင်း အားပေးစကားတွေ ပြောတယ်လေ။ အဲဒါနဲ့ တူပါတယ်ဟု နီနီ ကိုပြောသည် ။ စာကိုယူပြီး ချက်ချင်း ဖတ်မည်စိတ်ကူး၏။ ထမင်းပွဲပြင် နေရ၍ ညကျမှ ပဲ ဖတ်ကြည့်တော့မယ်ဟု ပြောကာ စာအိတ်ကို ကြောင် အိမ်ပေါ်သို့ တင် ထားသည် ။

ထမင်းစားပြီးကြသောအခါ စာဖတ်ရန် အချိန်မရသေး။ မနက်ဖန် မ နက်တွင် လာရွေးမည့် လက်ချုပ်အင်္ကျီအတွက် လက်စသတ်ရသည် ။ ရှ စ်နာရီခွဲလောက်တွင် အလုပ်ပြီးသွား၏။ သို့သော် အိပ်ရာသို့ ချက်ချင်း မ ဝင်ဖြစ်။ ရောက်တက်ရာရာ စကားတွေကို သားအမိ သားအဖ သုံးယော က် ပြောကြသည် ။ အဖေက သူငယ်ငယ်က အကြောင်းတွေ၊ လူတို့ ၏ သဘောတွေ၊ သူဖတ်နေသော ဝတ္ထုထဲက အဖြစ်အပျက်တွေ ပြန်ပြောပြ သည် ။ အဖေက စကားပြော ကောင်းသည် ။ စီကာပတ်ကုံးနှင့် မြင် ယောင် ကြားယောင် လာစေလုမတတ် ပြောနိုင်သည် ။ ရယ်စရာ တွေ လည်း ပါ၏။ အတုယူဖွယ်တွေလည်း ပါ၏။ ငယ်စဉ်က ဖတ်ခဲ့သည့် ဝ တ္ထုတွေကို ပြန်ပြောရာတွင် ရုပ်ရှင်ကြည့်နေရသည် နှင့်မခြား။ အမေက အဖေ့လို စာဖတ်ဝါသနာ မကြီးလှ။ အဖေနှင့် ကြီးကြီး ဒေါ်အေးခင်တို့ စ ကားစပ်မိသောအခါ ကြားကနေ၍ နားထောင်ကောင်း၏။ ရယ်လည်း ရ ယ်ရ၏။ အဖေက ဒေါ်အေးခင် အသည်းစွဲသည် ဆိုသော မြစကြာ၏ စုန်းကဝေဝတ္ထုတွေကို ဒဂုန်မဂ္ဂဇင်းထဲရှိ ကိုကိုလေး၏ မှော်ဆရာမှတ် တမ်း ဝတ္ထုတွေနှင့် ဂုဏ်ပြိုင်ပြော၏။ ဒေါ်အေးခင်က စကားနိုင်လု၏။ နှ စ်ဖက်ပြောကြသည် မှာ နားရှင်သည် ။ ညကပင် မအေးခင် လာရင် စရ

အုံးမယ်။ ဝက်ဘ္လဝတ္ထုနှင့် ခရေပင် ဓောက်ထိုးသိုက်ဘယ်ဒင်းက ကောင်း သလဲဆိုတာဟု အဖေပြောသည် ။ အဖေ ဝတ္ထုအပြော ကောင်းသည် နှင့် ကိုးနာရီခွဲမှ အိပ်ရာဝင်ရသည် ။

အိပ်ခါနီးမှ သတိရသည် ။ အောင်ငြိမ်းပေးလိုက်သောစာကို ဖတ်ရမ ည်။ စာက ကြောင်အိမ်ပေါ်တွင် ကျန်နေသည် ။ အိပ်ရာမှ ထကာ သွား ယူလိုက်ပြီး ခုတင်တွင် ထိုင်ကာ စာအိတ်ဖောက်သည် ။ ခြင်ရိုင်းကြီး သုံးလေးကောင်က ခြေသလုံးနှစ်ဖက်နားတွင် ပျံနေ၏။ ထို့ကြောင့် ခြေ နှစ်ဖက်ဆတ်ပြီး ခြင်ထောင်ထဲသို့ ဝင်လိုက်၏။

ခေါင်းအုံးနှင့် ခေါင်းတို့ ထိတော့မှ စာကိုဆွဲထုတ်သည် ။ အဖြူရောင် စာရေးစက္ကူ။ သုံးလေးရွက်မျှ ရှိ၏။ စာခေါက်ကို အဖြန့်တွင် အောင်ငြိမ်း၏ ဝိုင်းစက်စက်လက်ရေးက မီးရောင်ဖြင့် ထင်းနေသည် ။ ခေါင်းစဉ် အခေါ်အဝေါ်ကို ကြည့်သည် ။ မနှင်းဖွေးဟု တပ်ထား၏။ ယ ခင်ကစာတွင် အထူးပြုထားသော အသုံးအနှုန်းမျိုး ရေးမထား။ ထိုစာ တုန်းက ချစ်စွာသော မနှင်းဖွေး။ အောက်တ ကြောင်းသို့ရွှေ့ဖတ်သည် ။ သည် စာကို ရေးသင့် မရေးသင့် သူချိန်ဆခဲ့ကြောင်း၊ တပတ်လုံးလုံး စဉ်းစားခဲ့ပြီးမှ ရေးကြောင်း၊ စဉ်းစားသည် မှ အလေးနက်ဆုံး စဉ်းစားခဲ့ခြင်းဖြစ်ကြောင်း။ နောက်စာပိုဒ်တွင် မနှင်းဖွေးနဲ့ ကိုဝင်းဇင် တို့ အရေးအခင်းက ကျွန်တော့် ဦးနှောက်ထဲမှာ အတော် စူးစူးရှရှ မွှေ နှောက်နေခဲ့တာ ကြာပါပြီဟု ရေး၏။ သူလာလည်စဉ်က မနှင်းဖွေးကို မြင်ရသည့်အခါ ရင်တွေ နာကြောင်းဖတ်ရ၏။ ထို့နောက် -

ကျွန်တော် တခွန်းပြောပါရစေ။ အဲဒီစကားအတွက် မနှင်းဖွေး စိတ် အနှောင့်အယှက် မဖြစ်စေချင်ဘူး။ မဖြစ်စေချင်တာက ကျွန်တော့်သ ဘောပါ။ ဒါပေမဲ့ . . .အနည်းနဲ့ အများ တော့ စိတ်အထာမကျမှာ သေချာ

ပါတယ်။ ကျွန်တော့်သဘောထားကို ဒီစာတဝက်လောက်မှာ ပဲ မနှင်းဖွေး နားလည်လိမ့်မယ်လို့ ထင်ထားပါတယ်။ ဒီအတွက် လွန်လေပြီးသော အစတစကို ပြန်ဖော်ခွင့်ပေးပါ။ နှစ်နှစ်လောက်ရှိ တော့မယ် ဟိုတုန်းက အကြောင်းပါ။ ကျွန်တော်ရေးခဲ့ပါတယ်။ မနှင်း ဖွေးကို ချစ်တဲ့ အကြောင်းတွေ။ အဲဒီစကားတွေထဲမှာ ‘မနှင်းဖွေးကို ချစ် တာ တခဏနဲ့ ပေါ်ပေါက်လာတဲ့ အချစ်မျိုး မဟုတ်ပါဘူး။ ကျွန်တော် အ သက်ရှင်နေသမျှ ကာလပတ်လုံး မနှင်းဖွေးကို ချစ်နေမယ့်အချစ်မျိုးပါ။ ပြီးတော့. . . . ‘အလှအပတွေ ရွေ့လျားသွားလဲ ချစ်နေမယ်။ ဘဝတွေ ပြောင်းသွားလဲ ချစ်နေမှာ ပဲ’ လို့ ဒီစကားကို အများ သူငှာ ရေးရိုးရေးစ ဉ် ရေးခဲ့တယ်လို့ မနှင်းဖွေး အတွေးပေါက်ခဲ့မှာ ပါ။ ထားပါ တော့လေ။ ကျွန်တော့်ဆီကို နီနီကနေ တဆင့်စကားပါးလိုက်တယ်။ ကျွန်တော့်စာ ကို ပြန်ပေးရင်းနဲ့ မောင်နှမတွေလို စိတ်ထားကြမယ်ဆိုတဲ့ စကား၊ ကျွန် တော် နာခံခဲ့တယ် မနှင်းဖွေး။ ဘာကြောင့်ဆိုတဲ့ စကား ကျွန်တော် မ မေးခဲ့ပါဘူး။ နောက်တကြိမ် ကျွန်တော် မကြိုးစားခဲ့ပါဘူး။ စိတ်ပျက်လွ ယ် တဲ့ သူအနေနဲ့ မဟုတ်ပါဘူး။ အမှန်အတိုင်း ပြောရရင် အဲဒီတုန်းက စာရေးမယ့်သာရေးရတာ အားမရှိလှပါဘူး။ ကျွန်တော် စာမရေးခင်က တည်းက ကိုဝင်းဇင်ကို မနှင်းဖွေး အပါးမှာ ခဏခဏ တွေ့နေရပြီပဲ။ ကို ဝင်းဇင်နဲ့ ကျွန်တော် ယှဉ်လိုက်ရင် ကျွန်တော် အရေးနိမ့်မှာ သေချာတ ယ်ဆိုတာ တွက်ပြီးသားပါ။ ဧရာမဆင်ကြီးရဲ့ သားနဲ့ မုဆိုးမရဲ့ သားဆို တဲ့ အချက်က စပြီးပေ့ါဗျာ။ သိန်းကျော်တန်ခြံကြီးဝင်းကြီးနဲ့ ၊ ကားဆို နောက်ဆုံးပေါ် သုံးလေးစီး ထည်လဲနဲ့ ။ ကျွန်တော်က ဆယ်တန်းကျော င်းသား။ ကိုဝင်းဇင်လို တက္ကသိုလ်ကျောင်းသားနဲ့ အများကြီး ကွာခြားပြီးသားပဲ။ ဒီစကားတွေပြောတာကို နားလည်မှု မလွဲစေချင်ပါ။ အဲဒီအချိန်က အလိုလိုနေရင်း စိတ်အားငယ်နေတဲ့ ကျွန်တော့်ဘဝကို မ

နှင်းဖွေး မှတ်မိပါလိမ့်မယ်။

ပထမစာမျက်နှာ ကုန်ဆုံးသွားသည် ။ စာရွက်ကို မလှန်မိ။ ပူနွေးလာသော နောက်ကြောင်း တွေက စာရွက်ပေါ်တွင် ပြေးလွှားလျက်ရှိသည် ။ မောင့်ကိုပြေး၍ မြင်သည် ။ ညနေကျောင်းဆင်းခါနီး လျှင် မောင့်ကိုကျောင်းရှေ့ရှိ ကုက္ကိုပင်အောက်တွင် နေ့စဉ်လိုလို တွေ့ရသည် ။ သူနှင့်အတူ ကျောင်းပြန် နေကျ။ နီနီက ဦးအောင်မြင်ပါက သူ့ကို လက်တို့သည် ။ ကားရပ်ထားရာသို့ မေးဖြင့်ညွှန်သည် ။ ထိုအချိန်က မောင့်ကိုအဖြူအမဲ အဖြေမပေးရသေး။ ကျောင်းဖွင့်ပြီး တလလောက်တွင် မောင့်ကို စတင်တွေ့ဖူးသည် ။ မုန့်စားဆင်းချိန်တွင် မောင်က မလှမ်းမကမ်းမှ လိုက်ပါလာ တတ်သည် ။ အခန်းဝမှ ဖြတ်သွားရင်း ကြည့်တတ်သည် ။ ကျောင်းထိပ်မှ ရပ်ကာ ကြည့်နေတတ်သည် ။ မျက်လုံးချင်းဆုံသောအခါ မောင့်စိတ်ကို အထင်အရှား သိလိုက်သည် ။ တလကျော်အထိ မျက်လုံး ချင်းသာ ဆုံခဲ့သည် ။ မောင့်အမူအရာတွေကို တတန်းထဲသားတိုင်းက သတိပြုမိကြသည် ။ တပတ်ခန့်အကြာ ကျောင်းအပြန်တွင် သူ့ဘေးသို့ မောင်ရောက်လာ၏။ လှည့်ကြည့်သည်တွင် မောင်က ပြုံးပြ၏။ သူက တည်တည်ပင် နေလိုက်၏။ မနှင်းဖွေးနဲ့ ကျွန်တော် မိတ်ဆက်ချင်လို့ ပါ ဟု စကားပျိုးသည် ။ မောင့်အသံက ရင်ခုန်စေခဲ့သည် ။ ထို့နောက် သူ့နာမည်၊ သူတက်သော တက္ကသိုလ်၊ သင်ယူသောဘာသာမှ အစ ပြောပြကာ မိတ်ဆက်သည် ။ ထို့နောက် သူ၏ မိတ်ဆက်မှုကို လက်ခံတုံ့ပြန်ပါရန်။ မနှင်းဖွေးကို ကျွန်တော် သိနေတာ ကြာပါပြီဟု စကားနိဂုံးချုပ်သည် ။ ဟုတ်ကဲ့ သိရတာ ဝမ်းသာပါတယ် ဟူသော စကားကို သူပြန်ပြောသည် ။ ခင်မင်နိုင်ပါတယ်ဟူသော စကားကို ပြန်ပြောမိသည် ။ ထို့နောက် ဓာတ်တိုင်နှစ်တိုင်လောက်အထိ အတူ လိုက်ပါလာသည် ။ ဆက်စရာ စကားကုန်သွား၍ လား၊ သိက္ခာမ်းခွင့်ရ၍

လား မပြောတတ်။ ဒါဆို ကျွန်တော့်ကို သွားခွင့်ပြုပါအုံးဟု နှုတ်ဆက်သည် ။ ဟုတ်ကဲ့ဟု ဖြေခဲ့သည် ။ အကယ်၍ ထိုနေ့က နီနီနေကောင်း၍ ကျောင်းတက်ခဲ့လျှင် အတူတူပြန်လာခဲ့ကြလျှင် ထိုစကားလုံးတွေ ကို ပြန်ပြောရန် ခက်ခဲလိမ့်မည် ထင်သည် ။

နောက်နေ့တွင် မောင့်ကို မျှော်မိသည် ။ မောင်မလာ။ လက်တွေ့သင်တန်း တက်နေရသောကြောင့် ရောက်မလာခြင်းဖြစ်နိုင်သည် ဟု အောက်မေ့၏။ မိတ်ဆက်စကားလာပြောခြင်းနှင့်စပ်၍ နီနီက ဝေဖန်ချက်ပေး၏။ ဒါ အစ။ နောက်တလှမ်းတက်မယ်။ မနှင်းဖွေး အမျိုးသားက မဆိုးပါဘူး။ လူက လူချောပဲ။ မျက်လုံးမျက်ဖန်က ရှင်းတယ်။ နှာတံတော့ သိပ်မပေါ်လှဘူး။ အသားက ဖြူလဲ မဖြူလှဘူး၊ ညိုလဲ မညိုဘူး၊ ခပ်လတ်လတ်ပဲ။ ဆံပင်ရှည်နဲ့ လိုက်တဲ့ မျက်နှာကျပဲ။ အရပ်က သူ့ချည်းဆို ဒါလောက်မဟုတ်ဖူး။ မနှင်းဖွေးနဲ့ ယှဉ်လိုက်ရင်တော့ ဒေါက်ကမြင့် နေတယ် ထင်ရတယ်။ ခေါင်းလောင်းဘောင်းဘီထက် တိုက်ပုံတွေ ဘာတွေဝတ်ရင် ပိုပြီး ကြည့်လို့ ကောင်းမယ်။ စိတ်ဓာတ်တော့ မပြောတတ်ဘူးဟု ပြော၏။ ဆိုးမယ်မထင်ပါဘူး၊ အပြောအဆို ရည်မွန်သားပဲ။ ဝတ်စားနေထိုင်တာက ဒေါင့်မကျိုးဘူး ထင်ရပေမယ့် ထင်သလောက် မဟုတ်ပါဘူးဟု ထင်မြင်ချက်ပေးလိုက်သည် ။

နီနီ တွက်ချက်ထားသည့်အတိုင်း သူကိုယ်တိုင် မျှော်လင့်ထားသည့်အတိုင်း နေ့စဉ်လိုလို တခေါက်တော့ ရောက်လာသည် ။ တခါတလေ မုန့်စားဆင်းချိန်တွင် တခေါက်၊ ကျောင်းဆင်းချိန် တွင် တခေါက် လာတွေ့သည် ။ ကားကို ကျောင်းအနီးရှိ လက်ဖက်ရည်ဆိုင်တွင် ထားခဲ့ပြီး သူနှင့်အတူ လမ်းလျှောက်လိုက်လာ၏။ သူတို့ ရပ်ကွက်အနီး အထိ လိုက်လာသည် ။ မိုင်ဝက်ခန့်သော ခြေလှမ်းခြင်း ယှဉ်လာသည့်တလျှောက် စကားတွေပြောဖြစ်သည် ။ သူက ကျောင်းမှန်မှန်တက်ရန်

စာကြိုးစားရန် အမြဲပြော၏။ ပြောလွန်း၍ ထင်၏။ ကျွန်တော့်ကို ဆုံးမတဲ့ ဆရာမဟု ကျီစယ်ခေါ်ဝေါ် တတ်သည် ။ တလခွဲအကြာတွင် ချစ်စကားပြောလေသည် ။ ကျွန်မတို့ သိကြတာ တလကျော်လေးရယ်။ တဘဝလုံးကိစ္စမို့ စဉ်းစားပါရစေအုံးဟု သူ့အကြောင်း ပြန်ခဲ့သည် ။ စင်စစ်၊ ထိုအချိန်၌ပင် နောင်တွင် ပေးမည့်အဖြေက အသင့်ရှိပြီးသားဖြစ်လေ၏ ။ ဆယ့်လေးငါးရက်ကြာသောအခါ မောင်က ဒုတိယနှစ် စာမေးပွဲအောင်ကြောင်း ပြောသည် ။ ဝမ်းသာအားရစကား ပြန်ပြောခဲ့သည် ။ ကျွန်တော်တော့ ဝမ်းမသာချင်ဘူး၊ မနှင်းဖွေးဆီက အဖြေမရရင် တတိယနှစ်ကျောင်းသားဘဝကို စွန့်လွှတ်ပစ်မှာ ပဲဟု ကလေးဆိုးနှယ် အကျပ်ကိုင်သည် ။ အဲသလိုမလုပ်နဲ့ လေ၊ ကိုဝင်းဇင်က တက္ကသိုလ်ကျောင်းသားကြီး၊ ကျွန်မက ကိုးတန်းကျောင်းသူ၊ ကျွန်မက ပြန်ပြီး ဆုံးမစကားပြောရတာ မကောင်းပါဘူးဟု ပြုံးကာရယ်ကာ ချော့သည် ။ ကျောင်းဆက်တက်ပါ၊ တန်ဆောင်တိုင်ကျရင် အဖြေပေးမယ်ဟု ကတိစကားပြောလိုက်သည် ။ တန်ဆောင်တိုင်မတိုင်မီတွင် ပင် အဖြေတဝက်ပေးပြီးရာ ကျစေသည့် စကားတွေ ပြောဖြစ်ခဲ့ကြသည် ။ မောင့်အား အဖြေမပေးမီ သုံးပတ်တွင် အောင်ငြိမ်း ထံမှ စာရသည် ။ ယခုစာတွင် အောင်ငြိမ်းက ထိုရှေးဖြစ်တွေကို ပြန်ဖော်ပြနေချေသည် ။

ကျွန်တော့်ကို ချစ်သူတယောက်လို သဘောမထားနိုင်တာကို ကြေကွဲမဆုံးဖြစ်ခဲ့ရတယ်။ အခုတော့ကောလို့ မနှင်းဖွေးက စိတ်ထဲကနေ မေးပေလိမ့်မယ်။ ကျွန်တော် မေ့ပစ်ခဲ့ပါပြီ။ တကယ်ပါ။ ကျွန်တော်မေ့မထားတဲ့ အကြောင်းက အခုမနှင်းဖွေး ကြုံနေရတဲ့ အဖြစ်။ မနှင်းဖွေးနဲ့ ထပ်တူထပ်မျှ ခံစားနေရသလိုပါဗျာ။ ဒီခံစားမှုက ကျွန်တော် အရေးနိမ့်စဉ်က အရှည်အကြာခံစားရတဲ့ ခံစားမှု တွေထက် အဆလဲ ပိုလှပါတယ် ။ အထုအထည်လဲကြီးလှပါတယ်။ ကျွန်တော် အနေရ ကျပ်တည်းလှပါ

တယ်။ မနှင်းဖွေးသိပါလိမ့်မယ်။ ကနေ့အထိ ဝင်းဇင်ဆိုတဲ့ နာမည်ကို ကျွန်တော်နှုတ်က တခွန်းမှ မထွက်ခဲ့ပါဘူး။ ဒီစာထဲမှာ အခုရေးလိုက်တာဟာ ပထမဆုံးပါ။ ဘာပဲဖြစ်ဖြစ် အပြစ်တင်ရမယ့်သူဟာ ဝင်းဇင်ကို ။ တာဝန်အရှိဆုံးသူဟာ ဝင်းဇင်။ ထားပါတော့လေ။ သူဗမာပြည်မှာ မရှိဘူးဘဲ။ သူသိတယ်ဆို။ သူအားလုံးသိတယ်ဆို။ မနှင်းဖွေးမှာ ဘယ်လိုအခြေအနေနဲ့ ရှိနေပြီဆိုတာ သူစီစဉ်ခဲ့ရမယ်။ သူ ဘာတွေ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ သိရမှာ ပဲ။ ကလေးကစားတဲ့ ကိစ္စမှာ တောင် စည်းနဲ့ကမ်းနဲ့ ပဲဗျာ။ လူတယောက်လုံးရဲ့ ဘဝကိစ္စ၊ ဂုဏ်သိက္ခာကိစ္စကို ဒီလောက်တောင် ပေါ့လျော့ရသလားလို့ ကျွန်တော် ဒေါသဖြစ်ရတယ်။ တာဝန်ပျက်ကွက်လွန်းလို့ မခံချင်စိတ်တွေ ဖြစ်ရတာပါ မနှင်းဖွေး။ ကျွန်တော်သူ့အပေါ်မှာ ဘာအာဃာတမှ မထားခဲ့ပါဘူး။ ကံကောင်းတဲ့ လူတယောက်အဖြစ်နဲ့ တောင် အားကျခဲ့တာပါ။ အခု သူနဲ့ ပတ်သက်လို့ ငြိုငြင်မိတာဟာလဲ ဖြစ်ပေါ်နေတဲ့ လတ်တလော ပြဿနာကို အမှီပြုပြီး ဖြစ်ရတာပါဗျာ။ ဒီစကားကို သက်ာမကင်းများ မနှင်းဖွေးမှာ ဖြစ်မိရင် ဒီစာကို ဆက်ပြီး မဖတ်ပါနဲ့ တော့။ ကျွန်တော် အပြောကြမ်းရာကျရင် ခွင့်လွှတ်ပါ။

အပြောအဆို ပြတ်သားလှသူ၏ စာမှာ စကားလုံးတွေ ထောင်းထောင်းထလျက်ရှိသည် ။ နားနားတွင် ကပ်၍ ပြော နေသကဲ့သို့ ဖတ်ရလေသည် ။ သူ့မေတ္တာကို ဝင်းဇင်ရရှိသွားခြင်းကို အစွဲပြုကာ ပြောနေသည် မဟုတ်ကြောင်း အားပြုရေးသားထားသည် ။ မအောင်မြင်ခဲ့သူ၏ စိတ်တို့၌ ဖြစ်လေ့ ဖြစ်ထရှိသော ဝန်တိုမှုမျိုး သူမမွေးဟု ယုံကြည်စေလိုကြောင်း ဆက်၍ ဖတ်လိုက် လေသည် ။ တကယ်လို့ ဆက်ဖတ်တယ်ဆိုရင် ကျွန်တော် ပြောပါရစေ။ မနှင်းဖွေးကို ကျွန်တော် နှမ အရင်းတယောက်လို၊ အခင်ဆုံးသူငယ်ချင်းတဦးလို ကျွန်တော် မေ

တ္တာထားပါတယ်။ ဒီမေတ္တာ စိတ်နဲ့ တွေးခဲ့ပါတယ်။ ရင်ဆိုင်နေရတဲ့ ပြ သနာကို သတ္တိရှိပါလို့ ကျွန်တော် ခဏခဏ ပြောခဲ့ပါတယ်။ ဦးလေးတို့ အဒေါ်တို့ ရှေ့မှာ လဲ ဒီစကားကိုပဲ ပြောခဲ့ပါတယ်။ ပြောသာ ပြောရပေမ ယ့် ကာယကံရှင် မနှင်းဖွေးရဲ့ နေရာကို ဝင်ပြီး စဉ်းစားကြည့်တော့ မလွ ယ်လှပါဘူး။ စိတ်ငယ်အောင်ပြောတယ်လို့ မထင်စေချင်ပါ။ ဘာဖြစ်လို့ ဆိုတော့ မနှင်းဖွေးက ဇေဝရက်တောင်ထိပ်မှာ တယောက်ထဲနေတာမှ မ ဟုတ်ဘဲ။ ဟိမဝန္တာတောအလယ်မှာ တကိုယ်တည်းနေတာမှ လဲ မဟုတ် တာဘဲ။ ကျွန်တော့်ကို မနှင်းဖွေး မပြောရင်သာရှိမှာ ပါ။ ရင်ဆိုင်ရမယ့် ပမာဏက သေးငယ်လှတာ မဟုတ်ဘူး လို့ စိတ်ထဲမှာ ရှိမှာ သေချာပါ တယ်လေ။ ကမ္ဘာမြေကြီးပေါ်မှာ ရပ်နေတဲ့ လူတိုင်းဟာ ကမ္ဘာမြေရဲ့ အ လယ် မှာ မဟုတ်လား။ ဒီတော့ ပတ်ဝန်းကျင်မှာ အရပ်ရှစ်မျက်နှာက ဝို င်းနေတာ။ လူဆိုတာကလဲ အခက်သားကလား။ ကိုယ့်ထမင်းကိုယ်စား ရင်း သူတပါးဆီ မျက်လုံးရောက်နေတတ်တာမျိုး။ သူတပါး ထမင်းကို စားရင်း အဲဒီ သူတပါးအကျိုးထက် အပြစ်များ အောင် လုပ်တတ်တဲ့ သ တ္တဝါမျိုး မဟုတ်လား။ ဘယ်လိုမှ ပတ်သက်ထောက်ထားစရာ မရှိရင် ပြောစရာတောင် လိုမယ် မထင်ဘူး။ ဒီတော့လဲ မနှင်းဖွေး ဘယ်လို ဘ ယ်လောက် အင်အားမွေးရမယ်ဆိုတာ ကျွန်တော် ချင့်လို့ ရတယ်။ သူင ယ်ချင်း တယောက်ရဲ့ ကြီးကျယ်တဲ့ အခက်အခဲကို ဝိုင်းဝန်း ကူညီဖြေရှင်းပေးချင်တယ်။ ဦးနှောက်တွေ ပွက်ပွက်ဆူမတတ် စဉ်းစား ခဲ့ပါတယ်။ ခုအချိန်မှာ မနှင်းဖွေးရဲ့ သတင်းက ရပ်ကွက်ထဲမှာ ကော လာဟလအနေနဲ့ လောက်သာ ရှိသေးတာပါ။ ကျွန်တော်တို့ နီနီတို့ ကို လာပြီး စပ်စုကြတဲ့ သူ တချို့ရှိတယ်။ ခါးခါးသီးသီး ငြင်းလွှတ်လိုက် တော့ သတင်းဆိုးက ပြယ်သလောက်ပါပဲ။ အမေ့ကိုလဲ မေးကြမြန်းကြ တာ ရှိဘူးတယ်။ အမေက ခေါင်းခါပစ်လိုက်တယ်။ မနှင်းဖွေးအပေါ် အ

စကတည်းက သိပ်မလိုလားတဲ့ အပေါင်းအသင်းတွေ၊ ဝင်းဇင်ရဲ့ သူငယ်ချင်း ဒီမြို့က မြို့ခံကောင်လေးတွေက တီးတိုးပြောရာက စတဲ့ သတင်းဖြစ်ချင်ဖြစ်မယ်လေ။ ဒီမှာ က မနှင်းဖွေးကို မေတ္တာ တောင်းပေမယ့် နောက်ဆုတ်ရတဲ့ သူတွေအများကြီးလဲ ရှိတယ်မဟုတ်လား။ သဲနဲ့ ပတ်ချင်စိတ် ရှိချင်လဲ ရှိမပေ့ါ။ ပန်းသတင်းကို လူချင်းတောင်မှ ဆောင်တတ်သေးတာပဲဗျာ။ လူ့သတင်းကို လေညှင်းကလဲ ဆောင်ချင် ဆောင်ပေမပေ့ါ။ မဟုတ်ဘူး လား။ ဒါပေမဲ့လဲ ဒီသတင်းက ခုအချိန်မှာ ဝိုးတိုးဝါးတားအဆင့်မှာ ပဲရှိသေးတယ်။

ဒုတိယစာမျက်နှာ ကုန်သွားသည် ။ ရင်ထဲတွင် ကြဲ့လာ၏။ အသက်ရှူရသည် မှာ ကျဉ်းကျပ် နေသည် ။ ကိုယ့်ကို သူအတော်ပင် နားလည်ထားပါကလားဟု တွေးမိ၏။ တတိယစာမျက်နှာတွင် . . .

ဒီအချိန်မှာ ကျွန်တော် တခုကူညီပါရစေ။ အမှန်က ကျွန်တော် ကူညီချင်တာတွေကို တယောက်ယောက်နဲ့ တိုင်ပင်ပြီးမှ ရေးလိုက်ချင်တယ်။ ခုတော့ ကိုယ့်ဖာသာကိုယ် အကြိမ်ကြိမ် အဖန်ဖန် တိုင်ပင်ပြီး ရေးလိုက်တာပါ။ ဒီအကူအညီကို ကျွန်တော် ကမ်းလှမ်းရတာ အထင်မလွဲစေချင်ဘူး။ ကူညီမှုကြီးပေးတယ်ရယ်လို့ ကျွန်တော့်ကိုကျွန်တော် မတွက်ပါဘူး မနှင်းဖွေးရယ်။ မနှင်းဖွေး ကျောင်းတရက်ပျက်လို့ ကျောင်းစာ ကူကူးပေးရသလောက်ပါ။ မနှင်းဖွေး အဖို့ တော့ မြင့်မိုရ်တောင်ကို ဖြိုရသလောက် ခက်ခဲနိုင်မယ်လို့ လဲ ထင်ပါတယ်။ တမျက်နှာ ကနေ တမျက်နှာ . . .ပြောင်း . . .

ကြီးစွာသော တုန်လှုပ်ခြင်းကြောင့် ဘုရားတကာ မျက်လုံးအစုံကို မှိတ်လိုက်မိချေသည် ။ ရှေ့ စာကြောင်းများ တွင် ဘာတွေ ရေးမည်ကို။ ကျွန်မသိတယ် ကိုအောင်ငြိမ်း၊ ကျွန်မအတွက် ဘာပြုလို့ များ ဒီလောက်

စိတ်အရှုပ် ခံနေရတာလဲ။ ပြီးတော့ . . .ကိုအောင်ငြိမ်းဘဝကို ကိုအောင်ငြိမ်း မေ့ပစ် လိုက်ပြီလားဟု စိတ်ထဲက ညည်းမိလေသည် ။ နှလုံးသွေး အပြေးမြန်လာ၏။ ဖတ်ခါစကနှယ် မဟုတ်တော့။ သူ့စာလုံးတွေက ဦးနှောက်ကို ဖိစီးလာချေသည် ။ အတန်ကြာမှ စာဆက်အတိုင်း ဖတ်ယူရသည် ။

တမျက်နှာပြောင်းဘို့ဆိုတာ မနှင်းဖွေးလို မိန်းကလေးအတွက် နားမှလေသံ မသလပ်ချင်မှန်း ကျွန်တော် သိပြီးသားပါပဲ။ ဒါပေမဲ့ . . .မနှင်းဖွေးကို ကျွန်တော် လက်ထပ်ပါရစေ။ လက်ထပ်ခွင့်ကို ကံကောင်းထောက်မလို့ ရခဲ့ရင် အမေ့ကို ကျွန်တော် ဖွင့်ပြောမယ်။ ပြီးရင် နှစ်ဖက်လူကြီး ပြောဆိုပြီး လက်ထပ်မယ်။ မီးဖွားပြီးတဲ့ အခါဖြစ်ဖြစ်၊ ဝင်းဇင် ပြန်လာတဲ့ အခါဖြစ်ဖြစ်၊ မနှင်းဖွေး ကြိုက်တဲ့ အချိန်မှာ ပြန်လည် ကွာရှင်းကြတာပေ့ါ။ ဒီအတွင်းတော့ မောင်နှမ အရင်းအချာတွေလို နေကြမယ်လေ ။ အခွင့်ကောင်းယူပြီး ဒီစာရေးတယ်။ ဒီစကားပြောတယ်လို့ မထင်မှတ်စေချင်ဘူးဗျာ။ တရားဝင် မျက်နှာအဖြစ်နဲ့ ကျွန်တော် မျက်နှာကို ပြပြီးတဲ့ နောက်။ မနှင်းဖွေးက ဝင်းဇင်ဆီကို ဘယ်လိုမှ ပြန်သွားမှာ မဟုတ်ဖူးလို့ တွေးပြီး ပန်္နက်ရိုက်လိုက်တဲ့ အနေမျိုးလဲ မဟုတ်ပါ။ မနှင်းဖွေး ဝင်းဇင်ကို အခုတိုင် မျှော်လင့်စောင့်စား နေတယ်ဆိုတာလဲ ကျွန်တော် သိပါ တယ်။ ကျွန်တော့်ကို နားလည်ပါ မနှင်းဖွေးရယ်။

စာအောက်တွင် "အောင်ငြိမ်း"ဟု လက်မှတ်ထိုးထားသည် ။ စကားဆုံးသွားချေပြီ။ တချက်မျှသော ကြေကွဲပြိုးဖြင့် အဆုံးမရှိစွာ အတွေးတွေ ဝင်နေ၏။ သူ့သဘောကို ရိပ်မိချိန်တွင် ငြင်းပြီး နေပေပြီ။ စာရွက်ကို ပြန်ခေါက်ကာ အိတ်ထဲသို့ ထည့်လိုက်သည် ။ မဖြစ်နိုင်ပါဘူး သူငယ်ချင်းရယ်။ မင်းစေတနာကို ကိုယ် အသိအမှတ်ပြုပါတယ်။ ပြီးတော့ ထမင်းသိုး ဟင်းသိုးကမှ စွန့်ကြဲတတ်တဲ့ သူလို့ ကိုယ့်ကိုယ်လဲ အပြစ်ထပ်မ

တင်ချင်ဘူး၊ မင်းကိုလဲ သူငယ်ချင်းလိုပဲ ခင်လို့ ရတယ်။ မင်းရဲ့ မိခင်က ကော သားအတွက် ရည်မှန်းချက် ကြီးလှပါတယ်။ သဘောတူတယ်ပဲ ထား။ ကိုယ်ချစ်တာက တယောက်ထဲကိုပါ၊ သူ့ကိုပါဟု စိတ်ထဲမှ လှမ်း၍ ပြောနေမိသည် ။

***